## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၃)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္လာနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေတိဂုံစေတီတော်၌ တနင်္ဂနွေရုံးပိတ်ရက်ဘုရားဖူးများဖြင့်စည်ကား

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်တွင် တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၌ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့)တွင် နံနက်အရုဏ်တက်ချိန်မှ ညနေပိုင်းအထိ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်ကြသူများတွင် နိုင်ငံခြားသားဘုရားဖူးများလည်းပါဝင်ကြောင်း၊ ယင်းနိုင်ငံခြားသားဘုရားဖူးများအနက် အာရှတိုက်နေထိုင်သူ ဗုဒ္ဓဘာသာဝင်နိုင်ငံများမှ အများဆုံးလာရောက်ကြကြောင်း သိရသည်။

“နိုင်ငံခြားသားဘုရားဖူးတွေလည်း လာကြပါတယ်။ မိုးတွင်းကတော့ အဝင်နည်းတယ်၊ ခရီးသွားရာသီဖြစ်တဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာတို့၊ ဇန်နဝါရီလတွေဆို ဘုရားဖူးဝင်ရောက်မှုက သိသိသာသာလေးများပါတယ်။ ဘုရားဖူးကတော့ အာဆီယံနိုင်ငံတွေ၊ အာရှနိုင်ငံတွေကပိုများတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ ❍**



## ယနေ့ ဖတ်စရာ


**ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် မေတ္တာပွားခြင်းအကျိုး** ဆောင်းပါး စာ - ၁၃ သို့

**ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၁၉၄၆ ဧက စိုက်ပျိုးပြီးစီး** စာ - ၃ သို့

**ညောင်တုန်းမြို့နယ်၌ လျှပ်စစ်စက်ဘီးနှင့် သုံးဘီးဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်** စာ - ၁၁ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်)

# မေတ္တာနှလုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေ

ဝါခေါင်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် ''မေတ္တာအခါတော်နေ့'' ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဟူသောဝေါဟာရကို အသေးစိတ်လေ့လာကြည့်လျှင် ဗုဒ္ဓဟူသည်မှာ ဘဝများစွာသံသရာဝယ်ကျင်လည်ရစဉ်အခါက ဒါနစသောပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကိုဖြည့်ကျင့်ခဲ့သဖြင့် ဗောဓိမဏ္ဍိုင်ဝယ်သစ္စာလေးပါးတရားဥသုံအလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင်ထိုးထွင်း၍သိတော်မူသော သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်ဟုအဓိပ္ပာယ်ရသည်။ ဗုဒ္ဓဘာသာဟူသည် ထိုဘုရားသခင်သည် ၄၅ ဝါကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့အကျိုးစီးပွားတိုးပွားရန် နိဗ္ဗာန်အလို့ငှာဟောကြားတော်မူခဲ့သော တရားဒေသနာတော်များဟုအဓိပ္ပာယ်ရပါသည်။ ဗုဒ္ဓဘာသာဝင်ဟူသည်မှာ မြတ်စွာဘုရားဟောကြားသော တရားတော်ကိုယုံကြည်သက်ဝင် ကြည်ညိုကိုးကွယ်၍ လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်နေကြသောသူများဟုအဓိပ္ပာယ်ရသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လျှင် ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ သာသနာတော်တည်တံ့ပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့်လက္ခဏာရေးသုံးပါးဆင်ခြင်ခြင်းတို့ကို ပညာဦးစီးသောယုံကြည်မှုဖြင့် နေ့စဉ်ပြုလုပ်ရမည်ဖြစ်သည်။ မေတ္တာပို့ခြင်းဟူသည်မှာ အများသတ္တဝါတို့ကိုရည်စူး၍ကြီးပွားချမ်းသာလိုသောစိတ်ကိုဖြစ်ပေါ်စေခြင်း၊ ပို့လွှတ်ခြင်း၊ ပွားများခြင်းတို့ဖြစ်သည်။ လူသားအချင်းချင်းတစ်ဦးအပေါ်တစ်ဦး မေတ္တာစိတ်ထားရှိကြမည်ဆိုလျှင် ယနေ့ကမ္ဘာ့နိုင်ငံအချို့တွင်ဖြစ်ပွားနေသောစစ်ပွဲများလုံးဝရှိမည်မဟုတ်ပေ။ ဗုဒ္ဓမြတ်စွာသည် လူသားတို့ကောင်းကျိုးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသောဗြဟ္မစိုရ်တရားလက်ကိုင်ထားရန် ဟောကြားဆုံးမတော်မူခဲ့သည်။ ဤတရားလေးပါး၏အရင်းခံသည် မေတ္တာစိတ်ပင်ဖြစ်သည်။

သတ္တဝါတို့အပေါ်၌မေတ္တာပွား၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါးပွားများ၍ဖြစ်စေနေခြင်းသည် မြင့်မြတ်သောနေခြင်းဖြစ်၍ ဗြဟ္မဝိဟာရဟုခေါ်သည်။ ထိုကဲ့သို့ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်သော ဗြဟ္မစိုရ်ဟုခေါ်ခြင်းဖြစ်သည်။ မေတ္တာပွားလျှင် ဦးစွာမိမိကိုယ်ကို အရင်ပွားရသည်။ ''ငါချမ်းသာချင်သကဲ့သို့ အသက်ရှိသောသတ္တဝါတိုင်းချမ်းသာချင်ကြမည်'' ဟု ကိုယ်ချင်းစာတရားဖြစ်ပွားအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ မေတ္တာဆိုသည်မှာဒေါသ၏ဆန့်ကျင်ဘက်ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါပညတ်ကိုအာရုံပြုကာ''ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ'' စသည်ဖြင့် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကိုလိုလားတောင့်တသော အဒေါသစေတသိက်ကိုပင် ''မေတ္တာ'' ဟုခေါ်ခြင်းဖြစ်သည်။

မေတ္တာပို့သမှုအမြဲရှိနေသူသည် ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း၊ မကောင်းအိပ်မက်မမက်ရခြင်း၊ လူတို့ချစ်ခင်နှစ်သက်ခြင်း၊ နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့စောင့်ရှောက်ခြင်း၊ မီး၊ အဆိပ်၊ လက်နက်မသင့်နိုင်ခြင်း၊ စိတ်လျှင်မြန်စွာတည်ကြည်ခြင်း၊ မျက်နှာရုပ်ဆင်းကြည်လင်ရွှင်ပျခြင်း၊ မတွေဝေဘဲသေရခြင်း၊ သေသောအခါ ဗြဟ္မာပြည်သို့လားရခြင်းဟူသောအကျိုး(၁၁)ပါးရရှိခံစားရသည်။ **''တစ်နေ့ သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း''** ဟူ၍လည်း ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်တွင် ဖော်ပြထားပါသည်။

ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပရခြင်းမှာ မေတ္တာသုတ်ဒေသနာကိုဝါခေါင်လအတွင်း မြတ်စွာဘုရားဟောကြားတော်မူသည်ကို အထောက်အထားပြု၍ ကျင်းပရခြင်းဖြစ်သည်။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားနာယူပြီး ဟိမဝန္တာရှိ တောအုပ်ကြီးတစ်ခုအတွင်းသို့ ပထမဝါကပ်တော်မူရန်ကြွရောက်သွားကြသည်။ အဆိုပါရဟန်းတော်ငါးရာမှာ တောအုပ်အတွင်း တရားအားထုတ်နေသောကြောင့် ရုက္ခစိုးနတ်များက သူတို့၏ဘုံဗိမာန်သစ်ပင်များပေါ်တွင်မနေရဲဘဲ အခြားနေရာသို့ရွှေ့ပြောင်းနေထိုင်ကြရသည်။ ရဟန်းတော်များပြန်ကြွသွားနိုးနှင့် စောင့်နေသော်လည်း ရက်ကြာလာသည့်အခါ အဆိုပါရုက္ခစိုးနတ်များက ကြောက်မက်ဖွယ်အဆင်းအာရုံ၊ ထိတ်လန့်ဖွယ်အသံအာရုံ၊ စက်ဆုပ်ဖွယ်အနံ့အာရုံတွေပေးပြီး ရဟန်းတော်များကိုအနှောင့်အယှက်ပြုကြသည်။ ရဟန်းတော်များမှာ ကမ္မဋ္ဌာန်းအားထုတ်သော်လည်း သမာဓိမရဘဲရှိနေသည်။ ထို့ကြောင့်ဘုရားရှင်ထံပြန်ကြွလာပြီး အကျိုးအကြောင်းလျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်က အရံအတားလည်းဖြစ်၊ ကမ္မဋ္ဌာန်းလည်းဖြစ်တဲ့ ''ကရဏီယ မတ္တကုသလေန'' အစရှိသော မေတ္တာသုတ်တော်ကိုသင်ကြားပြသဟောကြားတော်မူခဲ့ပြီး သင်ချစ်သားတို့အား ထိုတောအုပ်မှတစ်ပါးအရဟတ္တဖိုလ်ပေါက်ခရီးရောက်နိုင်သောအခြားအရပ်မရှိချေ။ ထိုတောအုပ်သို့သာ ဒုတိယဝါကပ်အမီပြန်ကြွရန်မိန့်တော်မူသည်။ ရဟန်းတော်တို့၏မေတ္တာစိတ်ကြောင့် ရုက္ခစိုးနတ်များက ရဟန်းတော်များအား လိုလေသေးမရှိအောင်ပြုစုစောင့်ရှောက်ကြသည်။ တစ်ဦးအပေါ်တစ်ဦးမေတ္တာစိတ်ဖြင့် ဆက်ဆံကြသည့်အတွက်နောက်ဆုံးတွင်ရဟန်းတော်ငါးရာလုံး ရဟန္တာများဖြစ်တော်မူကြသည်။ မေတ္တာသုတ်လာ မေတ္တာပို့နည်းများကိုမင်းကွန်းတိပိဋကဆရာတော်ကြီးကလူအများနားလည်ပြီး ရွတ်ဆိုလွယ်အောင်ရေးသားပေးထားပါသည်။ အနှစ်ချုပ်ဆိုရသော် မေတ္တာနှလုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဩဂုတ် ၁၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍တူးဖော်ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်းလှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းအခြေပြု ဌာနဆိုင်ရာပေါင်းစုံ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၇ ရက် မွန်းလွဲပိုင်းတွင် သာစည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများနှင့် မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ကျောင်းသား၊ ကျောင်းသူများအား '' အနာဂတ်ဘဝလှပဖို့ စာဖတ်ကြပါစို့'' ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်သဉ္ဇာလှိုင်က ဥပဒေအကြောင်း သိကောင်းစရာများ၊ လက်တွေ့ဆောင်ရွက်နေသည့် ဥပဒေအကြောင်းအရာများ ရှင်းလင်းဟောပြောသည်။

ထို့နောက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိကောင်းစရာများနှင့် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ဒုတိယရဲအုပ်ဇင်အောင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး သိကောင်းစရာများကို ရှင်းလင်းဟောပြောရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ သီချင်းလက်ဆောင်
၆။ ၉:၂၅ ကျန်းမာသုတ
၇။ ၁၀:၅၀ တစ်ချိန်ကသူတို့အကြောင်း
၈။ ၁၂:၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉။ ၁၆:၃၀ **ရင်မှာစွဲလမ်းတော်ဝင်ပန်း**
၁၀။ ၁၈:၅၅ **ပြည်ချစ်သားမွန်တေးသဝဏ်**
၁၁။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၅/၆)**

The Myawady Daily
မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်တက္ကသိုလ် (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ်ဈေးရောင်းပွဲတော် ကာယအလှမယ်ပြိုင်ပွဲနှင့် အနုပညာတင်ဆက်ပွဲကျင်းပ



ပြည် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် ဈေးရောင်းပွဲတော်၊ ကာယအလှမယ်ပြိုင်ပွဲနှင့် အနုပညာ တင်ဆက်ပွဲကို ဩဂုတ်လ ၁၇ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးရောင်းပွဲတော်ကို အဆိုပါ တက္ကသိုလ်ဘက်စုံသုံးခန်းမ အဆောက်အအုံအနီး၌ ကျင်းပရာ တက္ကသိုလ် ဘာသာရပ်ပေါင်းစုံအလိုက် ဈေးဆိုင်ခန်းများဖွင့်လှစ်၍ မြန်မာ့ရိုးရာနှင့် တိုင်းရင်းသားရိုးရာအစားအစာမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချကြခြင်း ဖြစ်သည်။ အဆိုပါဈေးရောင်းပွဲတော်တွင် ဘာသာရပ်ပေါင်းစုံမှ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် အနုပညာတင်ဆက်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်အနုပညာ အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက မြကျွန်းညိုညိုတေးသီချင်းသီဆို၍ အခမ်းအနားစတင်ဖွင့်လှစ်ကြသည်။ ထို့နောက် ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသက်လွင်က ပြည်တက္ကသိုလ် သမိုင်းကြောင်းအပါအဝင် တက္ကသိုလ် ငွေရတုနေ့အထိမ်းအမှတ် ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက ပျူအက၊ မြန်မာ့ရိုးရာမိုးဇာပြောအက၊ ကရင်ရိုးရာဒုံးယိမ်းအက၊ သာစွဌာနေ ရာမညမြေ မွန်ရိုးရာအကအလှနှင့် မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးသီချင်းသီဆိုဖျော်ဖြေမှုများအပါအဝင် ကဏ္ဍစုံ အဆို၊ အတီး၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပရာ အကဲဖြတ်ဒိုင်အဖွဲ့မှ အမှတ်ပေးရွေးချယ်ကာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ အရောင်းအဝယ်သွက်နေ

မန္တလေး ဩဂုတ် ၁၈

ပြည်တွင်းစားသုံးမှုမြင့်တက်လာပြီး ဝယ်လိုအားများလာသည့်အတွက် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ ပြောဆိုချက်အရ သိရသည်။

ယခုနှစ် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ ပေါ်ဦးပေါ်ဖျားအချိန်က အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ယခုအခါ ပဲဇီးကွက်ကို ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် ဝယ်လိုအားများလာကာ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ပြည်တွင်းမှ ပဲဇီးကွက်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

"ပဲဇီးကွက်ကို ပြည်တွင်းစားသုံးမှုများပြားလာတာကြောင့် လက်ရှိမန္တလေးပဲဈေးကွက်မှာ ပဲဇီးကွက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ မြန်မာနိုင်ငံမှာ ပဲဇီးကွက်စိုက်ပျိုးလာတာ ဆယ်စုနှစ်နှစ်ခုလောက်ပဲရှိသေးတယ်။ အခုချိန်မှာ ပဲလိပ်ပြာထက်တောင် ဈေးရရှိနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပဲဇီးကွက်တွင် ဇီးကွက်မျက်လုံးပုံပါရှိသောကြောင့် ပဲဇီးကွက်ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပြီး ပြည်တွင်းရှိ တချို့ဒေသများ၌ လာဘ်ကောင်ပဲဟု ခေါ်ဝေါ်ကြသည်။ ပဲဇီးကွက်ကို မြစ်ကမ်းဘေးနုန်းတင်မြေနုနေရာများတွင် စိုက်ပျိုးသောကြောင့် ဓာတ်မြေဩဇာဖိုး အကုန်အကျသက်သာပြီး သွင်းအားစုကုန်ကျစရိတ်လျော့ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၃၅ တင်းမှ တင်း ၄၀ အထိ ထွက်ရှိသောကြောင့် တောင်သူများ တွက်ခြေကိုက်သော ပဲတစ်မျိုးဖြစ်သည်။

အဆိုပါပဲဇီးကွက်ကို မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ရေစကြို၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ ညောင်ဦး၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူးနှင့် ဆင်ဖြူကျွန်း စသည့်မြို့နယ်တို့၌ ဆောင်းသီးနှံအဖြစ် အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

**ဆောင်းဦး**

# ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၁၉၄၆ ဧက စိုက်ပျိုးပြီးစီး

ဟိုင်းကြီးကျွန်း ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါး ၃၁၉၄၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတော မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောပြချက်အရ သိရသည်။


ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၄၇၀၇၆ ဧကကို မေလပထမပတ်က စတင်စိုက်ပျိုးရာ လက်ရှိအချိန်ထိ ၃၁၉၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးလျာထားဧက ၄၇၀၇၆ ဧကကို အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများနှင့် စပါးများတွင်ကျရောက်တတ်သည့် ရွှေခရုကာကွယ်ရေးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ ဒီနှစ် မိုးစပါးကို ဧက ၄၇၀၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိအချိန်ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့မျိုးစေ့နဲ့ တခြားလိုအပ်တာတွေကို ဌာနအနေနဲ့ ဆောင်ရွက်ပေးထားပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မိုးစပါးကို အများဆုံးစိုက်ပျိုးကြပါတယ်" ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ဓာတ်မြေဩဇာကို တောင်သူများ အခက်အခဲမရှိအသုံးပြုနိုင်ရန် ပုလဲဓာတ်မြေဩဇာများကို သင့်တင့်သည့်နှုန်းထားဖြင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

**"ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၄၇၀၇၆ ဧကကို မေလပထမပတ်က စတင်စိုက်ပျိုးရာ လက်ရှိအချိန်ထိ ၃၁၉၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် . . ."**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''ကျွန်တော်တို့ ကျွန်းစဉ်နယ်ဆိုသည်က ဒီရေရောက် မြစ်ချောင်းများ၏ကမ်းနဖူးတွင် ရပ်စု၊ ရွာစုတည်ထောင်ကာ တစ်ကျွန်းတစ်ရွာနေထိုင်ကြခြင်းဖြစ်သည်။ တောင်ခြေတစ်ခု ရွာတစ်ရွာ၊ ကျွန်းကလေးတစ်ကျွန်း ရွာတစ်ရွာတည်ထားကြသည်။ တစ်နယ်လုံးတွင် မြေပြန့်လွင်ပြင်ဟူ၍ လုံးဝမရှိ။ သို့ဖြစ်၍ တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာနှင့်တစ်နေရာသွားလိုလျှင် လှေကလေးများဖြင့်သာ လှော်ခတ်သွားလာကြရသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသဖြင့် စက်ဘီး၊ ဆိုက်ကား၊ မော်တော်ကားဟူသည်ကိုမဆိုထားဘိ၊ နွားလှည်းဟူ၍ပင် တစ်စီးတလေမျှမရှိ . . .''**

**ယမန်နေ့မှအဆက်**

ငါးရက်မြောက်နေ့တွင် ငါးမူး (ပြားငါးဆယ်) စုမိသွားတော့သည်။ ကျွန်တော် ပိုက်ဆံပြားငါးဆယ်ကို အသေအချာဆုပ်ကိုင်ပြီး ရုပ်ရှင်ရုံဘက်သို့ လှမ်းလာခဲ့၏။ ရုပ်ရှင်ရုံရှေ့မှာကပ်ထားသော ကြော်ငြာပိတ်ကားကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ ဇာတ်ကားနာမည်က "မိုက်ခေတ်ကုန်ပြီ။" မင်းသားက ရွှေဘတဲ့။ မင်းသမီးက မြမြရီ။ သမ္မတလူကြမ်းအဖွဲ့ဖြစ်သော ချီးဘူး၊ ရွှေညာ၊ လှဖေတို့ပါဝင်သည်။ ဇာတ်ကားနာမည်ကို အရမ်းသဘောကျသွား၏။ မင်းသားကလည်း သူငယ်ချင်းတွေပြောနေကြသော ပြည်သူ့အချစ်တော် ရွှေဘဆိုတော့ ကျွန်တော် ပိုပြီးဘဝင်တွေ့သွားသည်။

ကျွန်တော် ရုံဝင်ခလေးပေးပြီး ပြားငါးဆယ်တန်းဝင်ပေါက်က ဝင်လိုက်၏။ ရုံထဲတွင် လူတွေပြည့်နေပြီ။ ကျွန်တော် ကြည့်ရမည့်နေရာက သမံတလင်းမှာ ထိုင်ရသည့်အတန်း။ ကျွန်တော် ရုံထဲရောက်သွားတော့ ခပ်လှမ်းလှမ်းက ကြည့်လို့ရသည့်နေရာလုံးဝမရှိတော့။ ကျွန်တော် ရသည့်နေရာတွင် ဝင်ထိုင်လိုက်၏။ ပိတ်ကားကို မော့ကြည့်လိုက်သည်။ ဟော ဟော ဘာဖြစ်ကြတာပါလိမ့်၊ လူတွေ ဝုန်းခနဲမတ်တတ်ရပ်လိုက်ကြပါရော့လား။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ကျွန်တော် ဟိုကြည့်ဒီကြည့်လုပ်၏။

"ဟေ့ကောင် ဘာထိုင်နေတာလဲ ထလေ နိုင်ငံတော်အလံပေါ်နေပြီ မတွေ့ဘူးလား"

အနားက အစ်ကိုကြီးတစ်ယောက် ဟောက်လိုက်မှ ကျွန်တော် မအူမလည်နဲ့ မတ်တတ်ရပ်ဖြစ်သွားသည်။ သူများတွေထိုင်တော့ ကျွန်တော်လည်း ရောယောင်ထိုင်လိုက်၏။

"မိုက်ခေတ်ကုန်ပြီ" ရုပ်ရှင်ဇာတ်ကားကြီးစပါပြီ။ မင်းသားရွှေဘ ခေါင်းရှည်ကိုင်လျက် မြင်းစီးထွက်လာ၏။ သူတို့ရွာသားတွေကို အနိုင်ကျင့်ဗိုလ်ကျနေကြသော လူဆိုးဂိုဏ်းကို ခုခံ၏။ တော်လှန်၏။ ဖြိုခွင်း၏။

"ချကွာ...ချ...ရွှေဘ...ကွ"

ပရိသတ်အသံများ ဆူညံသွားသည်။

"ရှီး...ရှီး...ရှီး"

လက်ခေါက်မှုတ်ပြီး မင်းသားရွှေဘကို အားပေးသံက ကျွန်တော့်နားထဲသို့ စူးခနဲဝင်လာ၏။

"ချကွ"

"ချကွ"

"ရွှေဘ တဲ့နော်"

"ရွှေဘ တဲ့နော်"

ကျွန်တော့်မှာ ကြည့်နေရင်းနဲ့ ရွှေဘပရိသတ်ဖြစ်မှန်းမသိဖြစ်သွားခဲ့လေပြီ။ သူများတွေအော်တိုင်း နောက်ကနေလိုက်လိုက်အော်ပေးရာ ကျွန်တော့်အသံမှာ တစ်ယောက်တည်း၊ တစ်သံတည်းအလွတ်ကြီး။ ကျွန်တော့်မှာ ရှက်သလိုဖြစ်သွားပြီး ဘေးဘယ်ညာကို လိုက်ကြည့်လိုက်၏။ အနားကလူတွေ ကျွန်တော့်ကို ပြုံးစိစိကြည့်နေကြတာနှင့် မျက်လုံးချင်းဆုံသွားတော့ ကျွန်တော် ပိုရှက်သွားသည်။

ကျွန်တော် ရုပ်ရှင်ရုံကအပြန်တွင် "ရုပ်ရှင်ဆိုတာ အင်မတန်ကြည့်ကောင်းတာပဲ" ဟု နားလည်လိုက်ပေပြီ။ ကျွန်တော်ကတော့ လမ်းစရသွားပေပြီ။ တစ်လလျှင် ငါးရက်လောက်စီတော့ အစာအိမ်ကို မေတ္တာရပ်ခံပြီး စိတ်အဆာပြေရေးအတွက် မျက်လုံးကို အာဟာရကျွေးဖြစ်မိပေသည်။ ကျွန်တော်၏မုန့်ဖိုးမှာ တစ်ရက်ကို ၁၀ ပြားဖြစ်ပါသည်။ ကျွန်တော့်ကို တစ်ရက်မုန့်ဖိုး ၁၀ ပြားစီပေးရန် အဖေသည် အဘွားကို ပေးထားခဲ့ပုံရသည်။ ကျွန်တော် နေ့လယ်ကျောင်းဆင်းချိန်ဆိုလျှင် အဘွားသည် ကျွန်တော့်ကို မုန့်ဖိုး ၁၀ ပြားစီ ပေးနေကျဖြစ်သည်။

------------------------------

နွေရာသီကျောင်းပိတ်လို့ ကျွန်တော်ရွာပြန်ရောက်ချိန်တွင် ဆွေမျိုးအားလုံး ကျွန်တော်တို့အိမ်သို့ ရောက်လာကြပြီး ဝိုင်းအုံနှုတ်ဆက်ကြသည်။ မာကြောင်းသာကြောင်း သတင်းမေးကြသည်။ မြို့အကြောင်း၊ ပြည်အကြောင်း သိချင်သည်များကို မေးကြသည်။

ကျွန်တော်တို့ ကျွန်းစဉ်နယ်ဆိုသည်က ဒီရေရောက်မြစ်ချောင်းများ၏ ကမ်းနဖူးတွင် ရပ်စု၊ ရွာစုတည်ထောင်ကာ တစ်ကျွန်းတစ်ရွာနေထိုင်ကြခြင်းဖြစ်သည်။ တောင်ခြေတစ်ခု ရွာတစ်ရွာ၊ ကျွန်းကလေးတစ်ကျွန်း ရွာတစ်ရွာ တည်ထားကြသည်။ တစ်နယ်လုံးတွင် မြေပြန့်လွင်ပြင်ဟူ၍ လုံးဝမရှိ။ သို့ဖြစ်၍ တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာနှင့်တစ်နေရာ သွားလိုလျှင် လှေကလေးများဖြင့်သာ လှော်ခတ်သွားလာကြရသည်။ မြေပြန့်လွင်ပြင်ဟူ၍မရှိသဖြင့် စက်ဘီး၊ ဆိုက်ကား၊ မော်တော်ကားဟူသည်ကို မဆိုထားဘိ၊ နွားလှည်းဟူ၍ပင် တစ်စီးတလေမျှမရှိ။ သို့ဖြစ်၍ မြို့မှာ ကျွန်တော်တွေ့ခဲ့ရသော နွားလှည်း၊ စက်ဘီး၊ ဆိုက်ကား၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပျံများအကြောင်းကို ပြောပြသည်။ မြို့မှာ စတိုးဆိုင်ကြီးတွေ၊ ဈေးဆိုင်ကြီးတွေဖွင့်ပြီး ရောင်းနေကြပုံအကြောင်း၊ ဈေးဆိုင်တန်းတွေမှာ လူတွေတန်းစီကာ ဈေးဝယ်နေကြပုံတွေကိုလည်း ဖောက်သည်ချသည်။ ကျောင်းနေအရွယ်ဆိုလျှင် ကျောင်းအလိုက် ကျောင်းဝတ်စုံလေးတွေနှင့် ကျောင်းတက်ကြရပြီး ရုံးဝန်ထမ်း၊ ရုံးစာရေးများမှာလည်း ကိုယ့်စက်ဘီးကလေးနှင့်ကိုယ် ရုံးသွားကြရကြောင်းပြောပြရာ ကျွန်တော်၏ဆွေမျိုးများမှာ အံ့သြမဆုံးဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ဆွေမျိုးအားလုံးမှာ လယ်သမားလူရိုးကြီးများပင်ဖြစ်ကြသည်။ မြို့ဆိုသည်ကို ပြောသံလောက်သာ ကြားဖူးသူများဖြစ်ကြသည်။ ရေလမ်းတစ်ခုတည်းကိုသာ အားကိုးနေကြရသော ကျွန်းစဉ်သားများအတွက် မြို့သို့တစ်ခေါက်ရောက်ရေးမှာ မလွယ်ကူပေ။

သည်တော့ အစိုးရစစ် စတုတ္ထတန်းစာမေးပွဲကိုအောင်မြင်ပြီး ခရိုင်မြို့ကြီးမှာ ကျောင်းတက်နေသော ကျွန်တော့်လိုကျောင်းသားသည် ဆွေမျိုးထဲတွင် တစ်မိပေါက်တစ်ယောက်ထွန်းဆိုသလိုပင် ဖြစ်နေပေတော့သည်။ သို့ဖြစ်၍လည်း ကျွန်တော်ကျောင်းပိတ်လို့ ရွာသို့ပြန်ရောက်တိုင်း ဆွေမျိုးများက အလှည့်ကျထမင်းတည်ခင်းကြသည်။ (ဧည့်ကောင်းစောင်ကောင်းတစ်ယောက်လို ထမင်းတည်ခင်းခြင်းမျိုးဖြစ်၍ ထမင်းကျွေးသည်ဟုမသုံးဘဲ ထမင်းတည်ခင်းခြင်းဟု သုံးနှုန်းလိုက်ခြင်းဖြစ်ပါသည်။)

မှတ်မှတ်ရရပြောရလျှင် ကျွန်တော့်ကို ထမင်းတည်ခင်းဖို့တာဝန်ယူထားသော ဆွေမျိုးမိသားစုဆိုလျှင် မြစ်ချောင်းများထဲသို့ လှေကလေးနှင့်လှော်ဆင်းပြီး ငါးဟင်းစားရှာဖွေကြသည်။ တောထဲတောင်ထဲသွားပြီး ဟင်းသီးဟင်းရွက်ဆွတ်ခူးကြသည်။ ထမင်း၊ ဟင်းချက်ပြုတ်ပြီးစီးလျှင်လည်း ဘကြီး၊ ကြီးကြီး၊ ဦးလေး၊ ဒေါ်လေးတို့ကိုယ်တိုင် ကျွန်တော့်ကို အိမ်တိုင်ရာရောက် လာခေါ်ကြသည်။ "မလာပါနဲ့ ကျွန်တော်လာခဲ့မယ်" ပြောလည်းမရ။ ကိုယ်တိုင်ကိုယ်ကျလာခေါ်ရမှ အားရကြသော သဘောရှိကြသည်ဟု သိရသည်။ ထမင်းဝိုင်းရောက်တော့လည်း စားပါဦး၊ သောက်ပါဦးနှင့် ဟင်းတွေဝိုင်းထည့်ပေးကြရာ ထမင်းပန်းကန်မှာ ငါးဟင်းတွေနှင့် ပြည့်နေပေတော့သည်။ "တော်ပြီ တော်ပြီ" ပြောလည်းမရ၊ "စားပါဦး၊ သောက်ပါဦး" နှင့် တိုက်တွန်းနေကြရာ "တော်ပါပြီ တော်ပါပြီ" ဆိုပြီး ထပြေးရသည့်အခြေအနေထိပင်ဖြစ်သည်။ ဤသည်မှာ တစ်နှစ်တည်းသာမဟုတ်၊ နွေရာသီကျောင်းပိတ်လို့ ကျွန်တော် ရွာသို့ပြန်ရောက်တိုင်း ဆွေမျိုးသားချင်းတွေ ပြုနေကျဝတ္တရားပင်ဖြစ်သည်။

ကျွန်တော့်ဘဝ ပြေးလမ်းတစ်လျှောက်မှာ လွမ်းမောဖွယ်ရာအဖြစ်တွေမို့ အမှတ်တရ တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

------------------------------

**ဆက်လက်ဖော်ပြပါမည်။**

# ရပ်စောက်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးဟောပြော



ရပ်စောက် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ရှိ ခေတ်မီစံပြကျေးရွာဖြစ်သည့် ကျောက်တောကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာသူ၊ ကျေးရွာသားများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိလာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၆ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးစိုင်းတင်ထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ကျောက်တောကျေးရွာအုပ်စု ကျောက်တောတိုက်နယ်မှ ကျန်းမာရေးကြီးကြပ် (၂) ဒေါ်မော်လွင်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောက်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဖြိုးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်မိုးလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲသို့ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၇ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း နည်းပြသင်တန်း ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မကြာမီ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်ရာ အဆိုပါလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမား ကျယ်ပြန့်ပြီး အလွန်ပင်တာဝန်ကြီးမားသဖြင့် အလေးအနက်ထားဆောင်ရွက်ကြစေလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ယူနိုင်ရန် အစီအမံကောင်းများ၊ နည်းပညာများအသုံးပြုစေကာမူ စာရင်းကောက်ယူမည့် စာရင်းစစ်/စာရင်းကောက်များက သန်းခေါင်စာရင်းမေးခွန်းပါ အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ ကောက်ယူနိုင်မှသာလျှင် အရည်အသွေးကောင်းမွန်ပြီး အောင်မြင်သော သန်းခေါင်စာရင်းဖြစ်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး နည်းပြသင်တန်းသားများအနေဖြင့် ပေးအပ်ထားသည့်တာဝန်များကို မိမိတို့၏ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်ဝင်းဦးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း စာရင်းစစ်/စာရင်းကောက် ၄၂၅၉ ဦး ခန့်အပ်တာဝန်ပေးမည်ဖြစ်ပြီး ခရိုင်ခြောက်ခု၌ စာရင်းကောက်ကွက်ပေါင်း ၁၁၅၄၀ အား တစ်ပြိုင်တည်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲအမျိုးအစားစပါးတင်းရေ ၈၇၀၀၀ တင်ပို့ရောင်းချ

**မအူပင် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲအမျိုးအစားစပါးတင်းရေ ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ချိုချိုမာ၏ပြောကြားချက်အရ သိရသည်။

''ဇူလိုင်လတစ်လတာကာလအတွင်း ရန်ကုန်ဈေးကွက်ကို နှစ်လခွဲအမျိုးအစားစပါးတင်းရေ ၈၇၀၀၀ တင်ပို့ရောင်းချခဲ့ပါတယ်။ မအူပင်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ တခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချပါတယ်။ နှစ်လခွဲအမျိုးအစားစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားကောင်းခဲ့တာပါ။ နှစ်လခွဲအမျိုးအစားစပါးကို ရန်ကုန်ဈေးကွက်က ဒီလထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာရော လတ်တလောအနေနဲ့ပါ နှစ်လခွဲအမျိုးအစားစပါးက အရောင်းအဝယ်ပိုဖြစ်နေပြီး တင်ပို့အားကောင်းနေပါတယ်'' ဟု ဒေါ်ချိုချိုမာက ပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက နှစ်လခွဲအမျိုးအစားစပါးတင်းရေ ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း နှစ်လခွဲ အမျိုးအစားစပါးတင်းရေ ၈၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

သုတကျော်

# တောင်တွင်းကြီးမြို့နယ် ရှမ်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းကိုင်းကျေးရွာအုပ်စု ရှမ်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည်။


ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး ရှမ်းကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၂ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

## မိုးလေဝသ သတင်း




# အင်းစိန်မြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များတွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည်၊ အင်းစိန်ခရိုင် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တို့ရှိ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များတွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲကို ဩဂုတ်လ ၁၆ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည်က မြို့နယ်များ၌ စာကြည့်တိုက်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ အင်းစိန်မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဇော်တို့က မြို့နယ်များအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နိုင်ငံတော်မှပံ့ပိုးပေးမှုဖြင့် စာကြည့်တိုက်အသစ်များ တိုးချဲ့တည်ဆောက်နေမှုနှင့် ကျောင်းစာကြည့်တိုက်များ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၌ စာကြည့်တိုက်မှတ်ပုံတင်ကြသော အင်းစိန်မြို့နယ်မှ မာရဝိဇယစာကြည့်တိုက်၊ ဖိုးရာဇာစာကြည့်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်မှ ပညာတံခွန်စာကြည့်တိုက်တို့ကို တာဝန်ရှိသူများက စာကြည့်တိုက်မှတ်ပုံတင်များ ပေးအပ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအတွင်း နေကြာကေ ၆၀၀၀၀ စိုက်ပျိုးရန်လျာထား



မန္တလေး ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း နေကြာကေ ၆၀၀၀၀ စိုက်ပျိုးရန်လျာထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် တောင်သူများ လိုအပ်သည့် သွင်းအားစုများကို အချိန်မီ ပံ့ပိုးပေးနိုင်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအပြင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် ရန်ပုံငွေနှင့် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်း ပိုင်ရန်ပုံငွေတို့ဖြင့် စီစဉ်ဆောင်ရွက်မည် ဖြစ်သည်။

"ဒီဘဏ္ဍာနှစ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍအနေနဲ့ နေကြာကေ ၆၀၀၀၀ လျာထားစိုက်ပျိုးနိုင်ဖို့ နေကြာစိုက်တဲ့ သက်ဆိုင်ရာမြို့နယ် အသီးသီးမှာ သမဝါယမဦးစီးဌာနကနေ လျာထားကေပြည့်မီရေးအတွက် ဆောင်ရွက်နေပါတယ်။ တောင်သူတွေကို သွင်းအားစုတွေ အချိန်မီပံ့ပိုးပေးမှာဖြစ်ပြီး လိုအပ်တဲ့ရန်ပုံငွေတွေကို နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေအပြင် သမဝါယမ အသင်းပိုင်ရန်ပုံငွေတွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်း ဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦးကပြောသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ရှိ တောင်သူများအား သမဝါယမကဏ္ဍမှ သွင်းအားစုများ ပံ့ပိုးပေးရာတွင် ယခင်က တောင်သူများကို သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် ချေးငွေများထုတ်ချေးပေးခဲ့သော်လည်း ယခုအခါ သွင်းအားစုများ ကို တိုက်ရိုက်ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

ဆောင်းဦး

# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အခြေခံ မော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)မှကြီးမှူး၍ အခြေခံ မော်တာစက်ချုပ်သင်တန်း အမှတ်စဉ်(၂၄၂)ကို ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၃ ရက်အထိ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး ရေးစင်တာ (MGHRDC) ၌ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် အထည်ချုပ် လုပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများနှင့် ချုပ်နည်းအဆင့်ဆင့်ကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြား ပေးမည်ဖြစ်ပြီး အလုပ်သမားဥပဒေ ဆိုင်ရာ သိကောင်းစရာများကိုလည်း ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အခြေခံစက်ချုပ်သင်တန်းတက်ရောက် လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည် ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာ (MGHRDC) အမှတ် (၄၀၀/ဘီ) အောက်မင်္ဂလာဒုံလမ်းမကြီး အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၉၄၀၈၅၈၃၅၀၊ ၀၉-၄၅၀၇၂၃၂၆၂၊ ၀၉-၄၀၃၉၁၂၅၇၀ နှင့် ၀၉-၇၈၄၀၈၅၇၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင် ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နယ်ဝေးမှ အလုပ် အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ် စက်ရုံများတွင်လုပ်ကိုင်ရန် စိတ်ဝင်စား သူများကို အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး ပါက အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက် ကာ အလုပ်အကိုင်ရရှိရန် ကူညီဆောင် ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ကြံခင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ကြံခင်း ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင် ခရိုင် ကြံခင်းမြို့နယ် ရွာသစ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာ ပေးဟောပြောပွဲကို ဩဂုတ်လ ၁၇ ရက် က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ တွင် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်းက အဖွင့်အမှာစကားပြော ကြားပြီး မြို့မရဲစခန်းမှ ဒုတိယရဲအုပ် အောင်အောင်က မူခင်းကျဆင်းရေး လုပ်ငန်းစဉ်ငါးရပ်၊ ယာဉ်အန္တရာယ်ကင်း ရှင်းရေးအတွက် ယာဉ်တိုက်မှုဖြစ်ပေါ် နိုင်သည့်အကြောင်းရင်းများ၊ ယာဉ်မတော် တဆမှုအမှားအမှန်များ၊ ဆိုင်ကယ်စီးနင်း ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်မဖြစ်ပေါ်စေရေးအကြောင်းအရာ များကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ များက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယရဲအုပ်အောင်အောင်က ပြန်လည် ဖြေကြားပေးသည်။



အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ် ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက် ရောက်ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးသို့ ဩဂုတ်လအတွင်း နေ့စဉ် ကြက်ပိဿာချိန် ခုနစ်သောင်းကျော်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ရှိ မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ဩဂုတ်လအတွင်း နေ့စဉ် ကြက်ပိဿာချိန် ခုနစ်သောင်း ကျော်ဝင်ရောက်နေပြီး အသားတိုးကြက် များ အများဆုံးဝင်ရောက်ကြောင်း မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးကို နေ့စဉ် ကြက်ပိဿာချိန် ခုနစ်သောင်း ကျော် ဝင်ရောက်ပါတယ်။ လက်ရှိ ကြက်သားဈေးကောင်းရနေတဲ့အတွက် ကြက်မွေးမြူသူတွေ အဆင်ပြေပါတယ်။ အသားတိုးကြက်ကတော့ အများဆုံး ဝင်ရောက်ပါတယ်" ဟု ၎င်းကပြော သည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ နေ့စဉ် ကြက်ပိဿာချိန် ခုနစ်သောင်း ကျော်ဝင်ရောက်ပြီး အသားတိုးကြက်မှာ ပိဿာချိန်ငါးသောင်းကျော်ဖြင့် အများဆုံး ဝင်ရောက်လေ့ရှိကာ တခြားကြက်များ လည်းဝင်ရောက်ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ယခုလဆန်းပိုင်းတွင် အသားတိုးကြက်၊ ဆီမီးကြက်၊ ဥတုံးကြက် (ခေါ်) ကြက်နီမ နှင့် တိုင်းရင်းကြက် (ခေါ်) ဗမာကြက်များ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းအသီးသီး ရှိကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ ဘဲများဝင်ရောက်ပြီး ရန်ကုန်တိုင်း ဒေသကြီးရှိ မြို့နယ်တချို့သို့ ပြန်လည် ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

စောယု



# လှိုင်းဘွဲ့မြို့(က)ရပ်ကွက် အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပ



**လှိုင်းဘွဲ့ ဩဂုတ် ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ကရင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့တစ်ခုဖြစ်သော ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၁၈ ရက်နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့ (က) ရပ်ကွက်အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံ ငါးပါးသီလခံယူခြင်းနှင့်ဩဝါဒခံယူခြင်းတို့ကိုဆောင်ရွက်ပြီး မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးအုန်းတင်က နှစ်စဉ်ဝါခေါင်လရောက်တိုင်း ကရင်တိုင်းရင်းသားလူမျိုးများ၏ ချည်ဖြူဖွဲ့မင်္ဂလာပွဲကိုကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲကို ထိန်းသိမ်းစောင့်ရှောက်ရမည့်ရိုးရာဓလေ့တစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာဖြစ်ပေါ်လာပုံသမိုင်းကြောင်းအား ကရင်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ကရင်လူငယ်နှစ်ဦးက ဖတ်ကြားခြင်း၊ လိပ်ပြာမောင်နှံခုနစ်ဖော်အား ဖိတ်ခေါ်ခြင်းတို့ဆောင်ရွက်ပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲအားစတင်ကျင်းပရာ ကရင်တိုင်းရင်းသားလူငယ်လေးများက ကရင်ရိုးရာသီချင်းဖြင့် ကပြဖျော်ဖြေပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟူမ္မလင်းခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၀၉၂ ကေစိုက်ပျိုးပြီးစီး

**ဟုမ္မလင်း ဩဂုတ် ၁၈**

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်၌ မိုးစပါးဧက ၆၄၈၅၀ စိုက်ပျိုးရန် လျာထား၍ ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးကြရာ ဩဂုတ်လ ၁၇ ရက်အထိ ဟုမ္မလင်းမြို့နယ်၌ ၆၄၂ ဧကနှင့် မိုပိုင်းလွတ်မြို့၌ ဧက ၄၅၀ စုစုပေါင်း ၁၀၉၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ဟုမ္မလင်းခရိုင်မှာ မိုးစပါးဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်ရေးနည်းလမ်းတွေဆောင်ရွက်နေတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုထွေးက ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟုမ္မလင်းခရိုင်၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၆၄၂၉၀ နှင့် မိုပိုင်းလွတ်မြို့တွင် ဧက ၅၆၀ စုစုပေါင်း ဧက ၆၄၈၅၀ တို့ဖြစ်သည်။

ဟုမ္မလင်းခရိုင်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်ဟုမ္မလင်းခရိုင်တွင်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# စေတုတ္တရာမြို့နယ်၌ စီမံကိန်းချေးငွေများထုတ်ပေး

**စေတုတ္တရာ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဝေါကျေးရွာ၌ ပဉ္စမအကြိမ်မြောက်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ်လ ၁၇ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အောက်ဝေါကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၆၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အောက်ဝေါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၄၄ ဦးကို ချေးငွေကျပ် ၁၈ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၄၁ ဦးကို ချေးငွေကျပ် ၁၃ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူနှစ်ဦးကို ချေးငွေကျပ် ၁ ဒသမ ၉၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှချေးငွေကျပ် ၃၃ ဒသမ ၆၀ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီလက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

ကိုညို(ကျေးလက်)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၉-၈-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အရက်ဖြတ်နေစဉ် ဆရာဝန်နှင့်တိုင်ပင်ပါ

အရက်ဆိုသည်မှာ ပေါင်းခံချက်လုပ်ရသော ဓာတုအရည်တစ်မျိုးဖြစ်၍ အရက်သောက်သူများသည် ဓာတုအရည်များကို မျိုချနေခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်သေဆုံးသူ ၂၀ ဦးအနက် တစ်ဦးသည် အရက်သောက်ခြင်း၊ အရက်ကြောင့်ဖြစ်ရသည့် အကြမ်းဖက်မှုနှင့် ပိုမိုဆိုးရွားလာသောရောဂါများကြောင့်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း အရက်သောက်မှုကြောင့် သေဆုံးသူ ၂ ဒသမ ၆ သန်းရှိခဲ့ပြီး အဆိုပါသေဆုံးမှု၏ လေးပုံသုံးပုံနီးပါးမှာ အမျိုးသားများဖြစ်ကြောင်းနှင့် အရက်ကြောင့်ဖြစ်ရသောသေဆုံးမှု၏ ၁၃ ရာခိုင်နှုန်းသည် အသက် ၂၀ မှ ၃၉ နှစ်ကြားရှိသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အစီရင်ခံစာသစ်၌ ဖော်ပြထားသည်။

**အရက်သောက်ခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ**

အရက်သောက်ပြီးနောက် ခန္ဓာကိုယ်မှ DNA ကို ဘေးဥပဒ်ဖြစ်စေသည့် Acetaldehyde ခေါ် ဓာတုဓာတ်တစ်မျိုး ထုတ်လွှတ်လိုက်ခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများအတွင်းသို့ အောက်ဆီဂျင်ကို သယ်ဆောင်ပေးသည့် သွေးဖြူဥနှင့် သွေးနီဥဆဲလ်များ ပျက်စီးစေနိုင်သည်။ ထိုသို့ DNA ၏ ပင်မဆဲလ်များ ပျက်စီးသွားခြင်းကြောင့် အသည်း၊ ရင်သား၊ အူသိမ်အူမ၊ လည်ချောင်း၊ ခံတွင်း၊ အစာပြွန်နှင့် အသံအိုးဆိုင်ရာ ကင်ဆာရောဂါခုနစ်မျိုးကို ဖြစ်ပွားစေနိုင်သည်။

ထို့ပြင် အရက်သောက်သုံးသူများသည် အသက်အရွယ်ရလာသောအခါ အရက်မသောက်သော သူများထက် မှတ်ဉာဏ်ပိုမိုဆုံးရှုံးကြရသည်။ အရက်ကြောင့် လေငန်းရောဂါဖြစ်နိုင်သည့်အပြင် နာတာရှည်ကျန်းမာရေးအန္တရာယ် အမျိုးမျိုးတို့ကြောင့် စီးပွားရေးယိုယွင်းမှုပြဿနာ အပါအဝင် မိသားစုအိမ်တွင်းရေးပြဿနာများကို မလွဲမသွေ ရင်ဆိုင်ရနိုင်သည်။ အရက်သောက်ထားသူ တစ်ဦးသည် အကြောင်းအကျိုး၊ အကောင်းအဆိုး ဆင်ခြင်တုံတရားကွယ်ပျောက်ကာ လူမှုရေးဖောက်ပြန်တတ်ခြင်း၊ ရာဇဝတ်မှုများ ကျူးလွန်နိုင်ခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးအမျိုးမျိုးကို တွေ့ကြုံလာနိုင်သည်။

**အရက်ဖြတ်ခြင်းအတွက် အကြံပြုချက်**

အရက်သည် ခန္ဓာကိုယ်အတွက် အဆိပ်ဖြစ်သောကြောင့် အရက်ကို နဂိုကတည်းကမသောက်သူများ၊ မသောက်တတ်သေးသူများနှင့် အထူးသဖြင့် လူငယ်များအနေဖြင့် စမ်း၍မသောက်သင့်ပါ။ အရက်ကို စွဲစွဲလမ်းလမ်းသောက်သူများအနေဖြင့်လည်း အတတ်နိုင်ဆုံးလျှော့သောက်သင့်ပြီး ရက်သတ္တပတ်လျှင် ပျမ်းမျှ ၁၄ ယူနစ်ထက် ပိုမသောက်မိအောင် အထူးဂရုပြုစေလိုပါသည်။ အကယ်၍ ယင်းပမာဏထက် ပိုမိုသောက်မိပါက အရက်က လူကိုနိုင်သွားပြီး အရက်စွဲရောဂါရနိုင်သည်။

အရက်ဖြတ်ရာတွင် အဓိကအရေးကြီးသည့်အချက်မှာ ကာယကံရှင်ကိုယ်တိုင် လိုလိုလားလား အရက်ဖြတ်ချင်စိတ်ရှိရမည်ဖြစ်ပြီး မိသားစု သို့မဟုတ် ဘေးပတ်ဝန်းကျင်ကလည်း ဖေးဖေးမမ နားလည်မှုရှိစွာဖြင့် ဝိုင်းဝန်းကူညီပေးရမည်ဖြစ်သည်။ အရက်သောက်သောအလေ့အထကို ဖျောက်ပစ်လိုသည့် ဆန္ဒနောက်တွင် အကြောင်းရင်းများစွာရှိပြီး လူတချို့သည် အသည်းရောဂါကဲ့သို့ အရက်နှင့်ဆက်စပ်သည့် ရောဂါများဖြစ်လာခြင်း သို့မဟုတ် အရက်နှင့်မတည့်သော ဆေးဝါးများ သောက်သုံးရခြင်းတို့ကြောင့် အရက်သောက်သည့်အလေ့အထကို ရပ်တန့်ရန်လိုအပ်သည်။

အောက်ဖော်ပြပါ နည်းလမ်းများက အရက်ဖြတ်ရန် ကြိုးစားနေခြင်းကို များစွာ အထောက်အကူပြုပေးနိုင်သည်။

- သင်အရက်သောက်သော အကျင့်ကို ဖျောက်လိုပါက ဤကမ္ဘာပေါ်တွင် သင်တစ်ဦးတည်းမဟုတ်၊ ဤကမ္ဘာပေါ်ရှိ အရက်ရှောင်လိုသူများသည်လည်း သင်ကဲ့သို့ အရက်သောက်ဖူးသူများဖြစ်ကာ သင့်လိုပင် ကြိုးစား၍ အရက်ဖြတ်နေသော ဘဝတူများရှိနေကြမည်ကို သတိရပါ။
- သင့်တွင် အရက်သောက်ခြင်းနှင့် ပတ်သက်၍ပြင်းထန်သောပြဿနာများ ရှိပြီး အရက်ကိုမှီခိုရသည့် လက္ခဏာ တွေ့ကြုံရပါက ဆရာဝန် သို့မဟုတ် ဆေးဘက်ကျွမ်းကျင်ပညာရှင်များနှင့် တတ်နိုင်သမျှ အမြန်ဆုံးတိုင်ပင်ပါ။

**ပိုမိုထိရောက်စေမည့် နည်းလမ်းများ**

အထူးသဖြင့် ယခင်က အရက်ကို အလွန်အကျွံ သောက်ခဲ့သူဖြစ်ပါက လုံးဝဖြတ်ရန် လွယ်ကူမည်မဟုတ်သော်လည်း အောက်တွင်ဖော်ပြထားသော အချက်များက သင့်အတွက် အနည်းငယ်ပို၍ လွယ်ကူစေမည်ဖြစ်သည်။

- သင်အရက်သောက်သည့် အလေ့အကျင့်ကိုရပ်တန့်ရန် ကြိုးစားနေကြောင်း မိသားစုနှင့်မိတ်ဆွေများအား ပြောပြပြီး အကြောင်းရင်းကို ရှင်းပြပါ။ ဤနည်းဖြင့် သင်၏အောင်မြင်မှုကို ၎င်းတို့အားပြောပြနိုင်ပြီး သင်အရက်ရှောင်ရန်ကြိုးပမ်းနေသည့် အကြောင်းရင်းကို ၎င်းတို့နားလည်လာမည်ဖြစ်သည်။
- ထိုသို့ကြိုးစားနေကြောင်း ကိုယ်တိုင်လည်း မကြာခဏအသိပေးခြင်းဖြင့် လမ်းကြောင်းမှန်ပေါ် ဆက်ရှိနေစေရန် အထောက်အကူပြုမည်ဖြစ်ကာ တခြားလူများကိုလည်း သင့်နည်းတူ ကြိုးပမ်းလာစေရန် စေ့ဆော်ရာ ရောက်နိုင်သည်။
- စောစောပိုင်းအခြေအနေများတွင် သင်နေ့စဉ် အရက်သောက်ဖြစ်စေသော အခြေအနေများကဲ့သို့ အကျင့်ဆိုးများကို ကြိုးစားရှောင်ရှားရန် အရေးကြီးသည်။
- စောစောပိုင်းတွင် အရက်ကို ပမာဏလျှော့သောက်ခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်သည်။ နောက်ပိုင်းတွင် အရက်ရှောင်ရန် များစွာအထောက်အကူပြုနိုင်သည်။ နေ့တိုင်းအရက်သောက်ရာမှ တစ်ရက်၊ နှစ်ရက်မသောက်ဘဲနေရာမှ တစ်ပတ်၊ နှစ်ပတ်မှနေ၍ တစ်လ၊ နှစ်လအထိတိုးပြီး အရက်ကို မသောက်မိအောင် သတိထားနေသင့်သည်။
- အရက်၏ ဆိုးကျိုးများအကြောင်း ရေးသားထားသော ကျန်းမာရေးအကျိုးပြုစာပေများကို များများဖတ်ရှု၍ အရက်ပေါ်စွဲလမ်းမှုကို ဖြတ်တောက်ပါ။
- ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပြုလုပ်သင့်သည်။
- ယခင် အရက်သောက်ခဲ့သောကာလမှ ဓာတ်ပုံများနှင့် ယခုအရက်ဖြတ်စပြုနေပြီဖြစ်သော သို့မဟုတ် အရက်ပြတ်သလောက်နီးပါးဖြစ်နေသော ဓာတ်ပုံများ သို့မဟုတ် အရက်လုံးဝပြတ်သွား၍ ကျန်းမာဝဖြိုး စိုပြည်နေပြီဖြစ်သော ဓာတ်ပုံများကိုယှဉ်ကြည့်၍ အားရပီတိဖြစ်နိုင်ပါစေ။

**အရက်ဖြတ်နေစဉ် ဆရာဝန်နှင့်တိုင်ပင်ပါ**

အရက်စွဲရောဂါရပါက မိမိဘာသာ အိမ်မှာ အရက်ဖြတ်ရန်ကြိုးစားခြင်းထက် ကျွမ်းကျင်နားလည်သော ဆရာဝန်ဖြင့် ပြသတိုင်ပင်ပြီး အရက်ဖြတ်သင့်ပါသည်။ အရက်စွဲနေသူတစ်ယောက် ပုံမှန်သောက်နေရာမှ ရုတ်တရက် အရက်ဖြတ်လိုက်ခြင်းကြောင့် အောက်ပါပြဿနာများ ဖြစ်ပေါ်လာပါလိမ့်မည်။

- ခန္ဓာကိုယ်တုန်ယင်ခြင်း၊
- စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊
- တုန်လှုပ်ခြင်း၊ ဒေါသထွက်လွယ်ခြင်း၊
- စိတ်ရှုပ်ထွေးခြင်း၊ မျက်စိလည်ခြင်း၊
- အာရုံစူးစိုက်မှုအတိုင်းအတာ လျော့ကျခြင်း၊
- တစ်နေ့ သို့မဟုတ် ပို၍ကြာစွာ အိပ်ပျော်ခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊
- စိတ်လှုပ်ရှားခြင်း၊
- ကြောက်ရွံ့ခြင်း၊
- ထင်ယောင်ထင်မှားဖြစ်ခြင်း (တကယ်မရှိသောအရာများကို မြင်ရသလို ခံစားရခြင်း)
- လှုပ်ရှားမှုများမြန်ခြင်း၊
- စိတ်ပြောင်းလဲမှုမြန်ခြင်း၊
- အငြိမ်မနေနိုင်ခြင်း၊ ရင်ခုန်စိတ်လှုပ်ရှားခြင်း၊
- အလင်း၊ အသံ၊ အထိအတွေ့တို့ကို အထိမခံနိုင်ခြင်း၊
- ထိုင်းမှိုင်းခြင်း၊ အိပ်ငိုက်ခြင်း၊ မောပန်းခြင်း၊
- စိတ်ပူပန်ခြင်း၊
- စိတ်နှင့်ကိုယ်လွတ်ပြီး တစ်ခုခုလုပ်မိခြင်း၊
- နှလုံးခုန်မြန်ဆန်လာခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊
- ပျို့အန်ခြင်း၊
- ကယောင်ချောက်ချားဖြစ်ခြင်း၊
- တက်ခြင်းစသည့် ပြဿနာများနှင့် တွေ့ကြုံရနိုင်သည်။

အထက်ပါအခြေအနေမျိုးတွင် အရက်ကို ပြန်လည်သောက်မိတတ်သဖြင့် အသက်အန္တရာယ်အတွက်ပါ စိုးရိမ်ရနိုင်၍ ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ပြီး စနစ်တကျအရက်ဖြတ်သင့်ပါသည်။ ဝေဒနာခံစားရမှုပေါ်မူတည်ပြီး ဆရာဝန်က Diazepam၊ Chlorpromazine စသည့် ဆေးပေး၍ စိတ်ငြိမ်အောင်ပြုလုပ်ပေးပါလိမ့်မည်။ လိုအပ်ပါက Disulfiram ခေါ် သွေးထဲရှိ အက်စစ်များမပျက်စီးအောင် ထိန်းပေးသောဆေးတစ်မျိုးကို ဆရာဝန်က ပေးပါလိမ့်မည်။ သို့ပါ၍ နည်းမှန်၊ လမ်းမှန် အရက်ပြတ်သွားစေရန် ဆရာဝန်၏ အကူအညီကို မဖြစ်မနေယူသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

> **''အရက်ဖြတ်ရာတွင် အဓိကအရေးကြီးသည့်အချက်မှာ ကာယကံရှင်ကိုယ်တိုင် လိုလိုလားလား အရက်ဖြတ်ချင်စိတ်ရှိရမည်ဖြစ်ပြီး မိသားစု သို့မဟုတ် ဘေးပတ်ဝန်းကျင်ကလည်း ဖေးဖေးမမ နားလည်မှုရှိစွာဖြင့် ဝိုင်းဝန်းကူညီပေးရမည်ဖြစ်သည်။ အရက်သောက်သောအလေ့အထကို ဖျောက်ပစ်လိုသည့် ဆန္ဒနောက်တွင် အကြောင်းရင်းများစွာရှိပြီး လူတချို့သည် အသည်းရောဂါကဲ့သို့ အရက်နှင့်ဆက်စပ်သည့်ရောဂါများဖြစ်လာခြင်း သို့မဟုတ် အရက်နှင့်မတည့်သောဆေးဝါးများ သောက်သုံးရခြင်းတို့ကြောင့် အရက်သောက်သည့်အလေ့အထကို ရပ်တန့်ရန် လိုအပ်သည် . . .''**

ပေါက်ပေါက်

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး

မြဝတီ ဩဂုတ် ၁၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါချောင်းဆုံကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအရင်းအတိုးငွေ စုစုပေါင်း ၅၁ ဒသမ ၇၃၅၄ သန်းရရှိနေပြီး သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူစုစုပေါင်း အသင်းသား ၁၀၁ ဦးအတွက် ငွေကျပ် ၅၁ ဒသမ ၇ သန်းအား အတိုးနှုန်းသက်သာစွာထုတ်ချေးထားကြောင်း သိရသည်။

ဘိုဘို

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲဖွင့်ပွဲကျင်းပ




**မအူပင် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၈ ရက် နံနက်ပိုင်းတွင် မအူပင်မြို့ တိုးရွှေဝါခန်းမရှေ့၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာအဆင့် (၁၀-၁၅)နှစ်မှ မရွှန်းလဲ့မေက "နှလုံးသားကိုအလှဆင်ပါမယ်" သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အဆင့်မြင့်ပညာမှ မောင်လှထွန်းခိုင်ဦးက အကဖြင့် ကပြဖျော်ဖြေသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ပြိုင်ပွဲကို ဩဂုတ်လ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**တီးတိန် ဩဂုတ် ၁၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တက်လွီးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးလျန်းယွန်းမုန့်၊ ကျေးရွာရေပေးရေးကော်မတီဥက္ကဋ္ဌနှင့် ကုမ္ပဏီတာဝန်ခံတို့က တက်လွီးကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ၃ မိုင် ၄ ဖာလုံ၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါတက်လွီးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းကို တီးတိန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် Zolen ကုမ္ပဏီက ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၁၈၅ သန်းအသုံးပြုပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လပထမပတ်ကဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက တက်လွီးကျေးရွာရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်မိုရ်**

## မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းဆင်းအသိပညာပေး

**ကျွန်းလှ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးရာသီမှာ မိုးစပါးကို မျိုးစေ့ထုတ်ရန်ဧရာမင်းမျိုး သုံးဧက စိုက်ပျိုးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ ကြိုးတန်းခြောက်တန်းတစ်တန်းလှပ်စိုက်ပျိုးပြီး စိုက်နည်းစနစ်မှန်ကန်ဖို့ စိုက်ပျိုးရေးပညာရှင်များက လက်တွေ့ပြသကြပါတယ်။ ထွက်ရှိတဲ့စပါးမျိုးများကိုလည်း ဒေသခံတောင်သူတွေကို ဖြန့်ဝေပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ရှမ်းစုကျေးရွာတောင်သူတစ်ဦးက ပြောသည်။



မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များရရှိရေး အသိပညာပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်း၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း သင်တန်းဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ဧရာမင်း၊ ရွှေသွယ်ရင်၊ မနောသုခနှင့် ချမ်းမြေ့မေ စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မေတ္တာထွန်းပြောင်လဝါခေါင်

➡ နံကာလဟု၊ ခေါ်မှုပုဂံ
ဝါခေါင်မည်စွ၊ မိုးလခါဝသန်
ထက်ကောင်းကင်ယံ၊ ခြိမ့်ညံလျှပ်ပြေး
သည်မိုးညင်သာ၊ သွန်းဝေဖြာ
လူ့ရွာနတ်စည် ကြွေးသည်နှင့်လေး။

➡ သိဟ်ရာသီအေး၊ လဖွေးဖွေးကြည်
သရဝဏ်နက္ခတ်၊ ထွတ်မြတ်လရာသီ
ခတ္တာဝေစည်၊ စုံညီအသွေး
ပန်းမျိုးစုံလင်၊ ဖူးပွင့်ရှင်
သန့်စင်ရနံ့ မွှေးသည်နှင့်လေး။

➡ ဝေရဉ္စာမြို့လေး၊ ကပ်ဘေးကြုံလာ
တပည့်ရဟန်း၊ ဆွမ်းကွမ်းခက်ခဲရှာ
ဘုရားရှင်မှာ၊ ခွင့်သာပေးရ
စာရေးတံမူ၊ ဆွမ်းအလှူ
ကြည်ဖြူလှူဒါန်း ကြသည်နှင့်လေး။

➡ ကမ္ဘဌာန်းပေးရ၊ ဗုဒ္ဓမြတ်စွာ
တောအုပ်တွင်းမြန်း၊ ရဟန်းပေါင်းငါးရာ
နတ်များဒေဝါ၊ စုံစွာနှောင့်ယှက်
မြတ်ဘုရားထံ၊ လျှောက်ထားပန်
ကျင့်ကြံဘာဝနာ ခက်သည်နှင့်လေး။

➡ မေတ္တာလက်နက်၊ ထက်မြက်ပူဇော်
တောအုပ်ပြန်သွား၊ ဟောကြားမြတ်ရှင်တော်
မေတ္တာသုတ်တော်၊ ကျင့်သော်ဘေးမသန်း
ရဟန်းငါးရာ၊ ရဟန္တာ
ဖြစ်လာကောင်းကျိုး စွမ်းသည်နှင့်လေး။

➡ မေတ္တာစီးဖြန်း၊ အေးချမ်းကြည်လင်
ရန်သူမိတ်များ၊ မခြားဘဲချစ်ခင်
ဘေးဥပဒ်စင်၊ သန့်စင်စိတ်ထား
မေတ္တာထွန်းပြောင်၊ လဝါခေါင်
မိုက်မှောင်ရန်အပေါင်း ရှားသည်နှင့်လေး။

➡ ကြွယ်ပွားမေတ္တာ ဆယ့်တစ်ဖြာ
ဘယာဝေးတော့သည်။
ဖယ်ရှားအပါယ်ရွာ သတ္တဝါ
လူ့ရွာအေးတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

# (၃၈) ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းမှကြီးမှူးကျင်းပသော (၇၄) ကြိမ်မြောက် (၃၈) ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၁၈ ရက်တွင် ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(YMBA) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၁၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက (၃၈) ဖြာမင်္ဂလာကဗျာကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူငွေ ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးသန့်စင်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ မင်္ဂလဓမ္မဇောတိကဓဇ ဦးသန့်စင်က ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရခြင်းအကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၇၄) ကြိမ်မြောက် (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်အောင်မြင်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ သီရိသုဓမ္မ မဏိဇောတဓရ ဦးရဲထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။



(၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားများကို ၂၀၂၂ ခုနှစ်မှစ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအစီအစဉ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ ယခုနှစ်ကျင်းပသည့် စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၁၁ မြို့နယ်ရှိ စာဖြေဌာန ၃၄ ခုမှ ကျောင်းသား၊ ကျောင်းသူပေါင်း ၁၇၀၀ ကျော် ဝင်ရောက်ဖြေဆိုပြီး ၁၃၂၅ ဦး အောင်မြင်ကြောင်း သိရသည်။

**ဝန်းရံခ**

# ဒိုက်ဦးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ဒိုက်ဦး ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျွန်းစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဘီးနင်းကွန်ကရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ်လ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွန်းစုကျေးရွာ၌ အရှည်ပေ ၇၆၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ဒိုက်ဦးမြို့နယ် ကျွန်းစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၄၄ သိန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဇူလိုင်လ ၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွန်းစုကျေးရွာရှိ အိမ်ခြေ ၈၆ အိမ်မှ လူဦးရေ ၅၀၅ ဦးတို့၏ သွားလာရေး ချောမွေ့လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**


# တွံတေးမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး Bakery အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာမွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျွန်းတောရပ်ကွက်၌ သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် Bakery အမျိုးမျိုးထုတ်လုပ်မှု နည်းပညာမွမ်းမံသင်တန်းဆင်းပွဲကို ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တွံတေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးလင်းက သင်တန်းမှတတ်မြောက်သော အတတ်ပညာများ တိုးပွားလာစေရန်နှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်း အစီအစဉ်ဖြစ်သည့်အတွက် သင်ကြားပေးထားသော အတတ်ပညာများကို ဆက်လက်လေ့လာကြရန် ပြောကြားသည်။ ဆက်လက်၍ သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးနှင့် တွံတေးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်တို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းမှလက်တွေ့ဆောင်ရွက်သောထုတ်ကုန်များကို စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူပြီး သင်တန်းသူ ဒေါ်သန်းသန်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါမွမ်းမံသင်တန်းကို ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှု အဆင့်(၁)သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၈

စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) တို့ပူးပေါင်း၍ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းအမှတ်စဉ် (၂/၂၀၂၄) ကို စက်တင်ဘာလ ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပို့ချရာတွင် NSSA မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ရော်ဘာအစေးခြစ်ခြင်းနည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကာ စစ်ဆေးအကဲဖြတ်ပြီး ဖြေဆိုအောင်မြင်သောသင်တန်းသားများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ထို့ပြင် သင်တန်းသားများအတွက် သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်၊ သင်တန်းသားဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ပံ့ပိုးပေးမည်ဖြစ်ပြီး ကျွမ်းကျင်နည်းပြများက သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းသား ၃၀ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) ဖုန်း- ၀၉-၄၀၂၀၂၂၀၀၂၊ ၀၉-၇၇၈၇၁၁၅၄၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မုံရွာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပလျက်ရှိရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျန်းမာကြံ့ခိုင်သည့်အနာဂတ် လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အခြေခံကျပြီးအရေးပါသည့်အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအား အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု Video Clip အား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသောမိခင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များအား ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်းခင်းကျင်းပြသထားသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက် ၅ နှစ်အောက်ကလေးငယ်များအားအင်အားပြည့်ဗီတာမင်အေဆေးလုံးများတိုက်ကျွေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့်အာဟာရဖြည့်စာများ ပေးအပ်ကာ အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် -၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနှင့် သူနာပြုများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများနှင့် မွေးကင်းစကလေးငယ်များအား အာဟာရဖြည့်စွက်စာများအား လိုက်လံပေးအပ်ခဲ့ကြပြီး အားပေးစကားများပြောကြားကာ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ လျှပ်စစ်စက်ဘီးနှင့်သုံးဘီးဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်

**ပုသိမ် ဩဂုတ် ၁၈**

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်းကျေးရွာရှိ MiMi Motor ကုမ္ပဏီ၌ လျှပ်စစ်စက်ဘီး(EBike)နှင့်သုံးဘီးဆိုင်ကယ်များကိုဘက်ထရီကြိုးနှင့် မိန်းကြိုးတပ်ဆင်နေမှုကာဗာတပ်ဆင်နေမှု လက်ကိုင်ကိုင်းတပ်ဆင်နေမှု၊ ပစ္စည်းတစ်ခုချင်းအလိုက် တပ်ဆင်နေမှုနှင့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်ဝန်ထမ်းများက လျှပ်စစ်စက်ဘီး(E-Bike)နှင့်သုံးဘီးဆိုင်ကယ်အား လက်တွေ့စီးနင်းမောင်းနှင်ပြသမှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ကုမ္ပဏီမှ တာဝန်ရှိသူများက ပစ္စည်းတစ်ခုချင်းအလိုက် တပ်ဆင်နေမှုများနှင့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်အမျိုးအစားများထုတ်လုပ်ဆောင်ရွက်နေမှုများ၊ လျှပ်စစ်စက်ဘီး (E-Bike) နှင့် နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များထုတ်လုပ်အသုံးပြုခြင်းအားဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်မှု၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် အသက်အရွယ်မရွေး လွယ်ကူစွာသုံးစွဲနိုင်မှုများ၊ E-Bike (MI.Bike 10 series)၊ နှစ်ဘီးဆိုင်ကယ် (MI.Bike 20 series)၊ နှစ်ဘီးဆိုင်ကယ် (MI.Bike 30 series) နှင့် သုံးဘီးဆိုင်ကယ်MI.(MET)series များကို ထုတ်လုပ်ရောင်းချသွားရန် ရည်မှန်းထားပြီး ယခုတွင် E-Bike MI. Bike 10 series များကို စမ်းသပ်ထုတ်လုပ်နေမှုနှင့် ဈေးကွက်အတွင်း တင်ပို့ရောင်းချနေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။





**တိုင်းဒေသကြီး(ပြန်/ဆက်)**

**❍ ရွှေဖုံးမှအဆက်**

ဗုဒ္ဓဘာသာနိုင်ငံတွေပေါ့၊ ထိုင်းတို့၊ တရုတ်တို့၊ ဗီယက်နမ်တို့၊ ကမ္ဘောဒီးယားတို့၊ ဒုတိယအများဆုံးလာတာကတော့ ဥရောပနိုင်ငံတွေကလာကြတာဖြစ်ပါတယ်”ဟုရွှေတိဂုံစေတီတော်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေတိဂုံစေတီတော်သို့ ပြည်တွင်းပြည်ပဘုရားဖူးဝင်ရောက်မှုသည် အစိုးရရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့တို့တွင် ရုံးဖွင့်ရက်များထက်ပိုမိုများပြားပြီး ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သော မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ဘုရားဖူးဧည့်သည် ပိုမိုဝင်ရောက်ကြကြောင်းလည်း သိရသည်။

ရပ်နီးရပ်ဝေးမှဘုရားဖူးများ ပိုမိုအဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစတင်၍ နံနက် ၅ နာရီမှ ည ၈ နာရီအချိန်ထိလည်းကောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညိုနိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ နံနက် ၅ နာရီမှ ည ၉ နာရီထိလည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ဇွန်လ ၂၁ ရက်မှစတင်၍ ဘုရားဖူးချိန်အား နံနက် ၄ နာရီမှ ည ၁၀ နာရီထိ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုအနေဖြင့် ပြည်တွင်းပြည်ပဘုရားဖူးပြည်သူ ရဟန်းသံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များအပါအဝင် ဇန်နဝါရီလတွင် ၅၄၆၉၅၄ ဦး၊ ဖေဖော်ဝါရီလတွင်၅၂၆၈၈၃ ဦး၊ မတ်လတွင် ၈၁၆၄၅၄ ဦး၊ ဧပြီလတွင် ၆၈၅၅၀၃ ဦး၊ မေလတွင် ၅၇၆၃၄၆ ဦး၊ ဇွန်လတွင် ၅၄၅၆၆၁ ဦးနှင့် ဇူလိုင်လတွင် ၄၄၀၉၁၇ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

**ဝန်းရံခ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မကုဋ္ဌာရာမမြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီရိလင်္ကာနိုင်ငံသို့ထွက်ခွာ



ရန်ကုန် ဩဂုတ် ၁၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၁ ရက်အထိကျင်းပမည့် မြန်မာဆရာတော်ကြီး ဘဒ္ဒန္တဝိနယာလင်္ကာရတည်ထောင်တော်မူခဲ့သော မြန်မာ့ဂုဏ်ဆောင် မကုဋ္ဌာရာမ မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် အခြားသာသနာရေးဆိုင်ရာ အခမ်းအနားများ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေး Bill Board များစိုက်ထူထားရှိမှု၊ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များရိုက်နှိပ်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်း၌လည်းကောင်း၊ ဗဟန်းမြို့နယ်ဦးထောင်ဗိုလ်အဝိုင်း၌လည်းကောင်း၊ ဒဂုံမြို့နယ်ပြည်သူ့ရင်ပြင်ရှေ့၌လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှေ့၌လည်းကောင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အတွက်ပြည်သူလူထုအသိပညာပေး Bill Board များ စိုက်ထူထားရှိမှု



ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အတွက် လိုအပ်သည့် အိမ်ထောင်စုမေးခွန်းပုံစံများ၊ စာရင်းစစ်၊ စာရင်းကောက်လက်စွဲစာစောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် သင်တန်းလက်စွဲစာစောင်များ ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် စက်ရုံတာဝန်ခံက လုပ်ငန်းအပ်နှံထားရှိမှု၊ စာစောင်အမျိုးအစားအလိုက်ရိုက်နှိပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မကြာမီကာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်သည့်အတွက် သတ်မှတ်ပုံစံများနှင့် လက်စွဲစာစောင်များသတ်မှတ်အရေအတွက်နှင့် စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများနှင့် ပင်မခြောက်ထပ်ဆောင် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သုတေသနပညာရှင်များ၊ နည်းပညာရှင်များဖြစ်လာစေရန်ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျသင်ကြားလေ့ကျင့်ပေးရန်နှင့် စာတွေ့သာမက လက်တွေ့ကျသည့် သင်ခန်းစာများဖြင့် သင်ကြားပေး၍ ပြည်သူ့အကျိုးပြုသုတေသနများကို ဆောင်ရွက်ကြရန်မှာကြားပြီး ပင်မခြောက်ထပ်ဆောင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်သစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးကုမ္ပဏီတာဝန်ရှိသူက ပင်မသုံးထပ်ဆောင်တည်ဆောက်ရေးနှင့် တည်ဆောက်နေမှုအစီအစဉ်များ၊ တည်ဆောက်ရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီအောင် အလေးထားဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကိုမှာကြားကာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၀.၆˚C |
| ရန်ကုန် | ၂၄˚C | / | ၃၂.၀˚C |
| မန္တလေး | ၂၇˚C | / | ၃၅.၇˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့နှင့်မေတ္တာပွားခြင်းအကျိုး

နုခန့်ယဉ်(ရစ်ကန်ကြီး)

**ဝါခေါင်လ**

ဝါခေါင်လသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် ပဥ္စမမြောက်လဖြစ်သည်။ ဝါခေါင်လသည် မိုးဥတုတွင်ပါဝင်ပြီး ရှေးအခါက ဝါခေါင်လကို "နံကာ"လ ဟုခေါ်သည်။ ပုဂံခေတ် ထိုးကျောက်စာများတွင် ဝါခေါင်လကို ဝါခေါင်ဟု လည်းကောင်း၊ နံကာလဟုလည်းကောင်း ရေးထိုးထားကြောင်း တွေ့ရသည်။ နံကာလ၏ အဓိပ္ပာယ်မှာ မိုးဖြိုင်ဖြိုင်ရွာသွန်းသောလဖြစ်သောကြောင့် တောင်သူလယ်သမားများ စပါးစိုက်ပျိုးချိန်၊ လယ်လုပ်ချိန်လဟုဆိုသည်။ ဝါခေါင်လသည် ဗေဒင်အခေါ် သိဟ်ရာသီ၊ သရဝဏ်နက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ ဖုသျှနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်သည်။ ရာသီရုပ်မှာခြင်္သေ့ရုပ်၊ ရာသီပန်းမှာ ခတ္တာ၊ ရာသီပွဲတော်မှာ "စာရေးတံပွဲ" ဖြစ်သည်။

ဝါခေါင်လတွင် နံနက် စက်နာရီ ၅ နာရီ မိနစ် ၄၀ ၌ နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၂၉ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့်နေ့ ၃၄ နာရီ၊ ည၌ ၂၆ နာရီရှိသည်။ ဤကို ရည်ရွယ်၍ဦးယာက

" တောင်လေသွဲ့၍၊ ရွာတဲ့မလို၊ ငွေသဲပျိုက၊
ရေညိုနဒီ၊ လှိုင်းလုံးချီ၍၊ ရာသီထိန၊
သည်မသတွင်၊ ဇယတြိ၊ နေ့ရှိနာရီ၊
မမှီည၌ရောက်၊ နှစ်ဆယ့်ခြောက်တည်း"
ဟူ၍ စပ်ဆိုခဲ့၏။

**မေတ္တာအခါတော်နေ့**

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏မေတ္တာသုတ်တော်ဟောကြားခြင်းနှင့် ဆက်စပ်ပေသည်။ မြတ်စွာဘုရားသည်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့သည်မြတ်စွာဘုရားထံမှကမ္မဋ္ဌာန်းတရားနာယူ၍ တောအုပ်အတွင်းပုရိမဝါဆိုတရားအားထုတ်ကြသည်၊ ထိုအခါရဟန်းတို့၏သီလကြောင့် သစ်ပင်ဗိမာန်မှနတ်တို့ဆင်းပေးရလေရာ ရဟန်းတော်များမနေနိုင်အောင် ခြောက်လှန့်ခြင်းကိုပြုလုပ်ကြသည်။ ထိုအခါရဟန်းတို့တရားရှုမှတ်၍မရသဖြင့် ဝါခေါင်လပြည့်နေ့တွင်ကြုံတွေ့ရသော အခက်အခဲကို မြတ်စွာဘုရားအားလျှောက်ထားရာမြတ်စွာဘုရားက မေတ္တာကမ္မဋ္ဌာန်းကိုမပွားများကြသည့်အတွက် နှင့်ထုတ်ခံရခြင်းဖြစ်ကြောင်း ဟောပြောပြီး မေတ္တာကမ္မဋ္ဌာန်းကို သင်ပြတော်မူသည်။

ထို့နောက်ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ ပြန်လာကြပြီးဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ဒုတိယဝါကပ်ကြပြီး မြတ်စွာဘုရား သင်ပြတော်မူသည့်အတိုင်း နတ်တို့နှင့်တကွ အားလုံးသောသတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်လျက်ပို့လွှတ်သောအခါ နတ်များကကြည်ညိုချစ်ခင်လာကြသည်။ နတ်အပေါင်းတို့စောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာရဟန်းငါးရာတို့သည်ရဟန္တာဖြစ်သွားကြသည်။ ရဟန်းငါးရာတို့သည်ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်မှ မေတ္တာသုတ်ဟောကြားတော်မူသည်ကိုရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကြသည်။

**မေတ္တာသုတ်ဒေသနာတော်နှင့် ရွတ်ဖတ်ခြင်း၏အကျိုးကျေးဇူး**

ဗုဒ္ဓဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်တွင် လူနတ်ဗြဟ္မာတို့လိုက်နာရမည့်အချက် ၁၅ ချက်ကို ဟောကြားထားပါသည်။ ၎င်းတို့မှာ "မေတ္တာစိတ်ကို တစိုက်မတ်မတ်စွမ်းနိုင်အောင်ပွားများရပါမည်။ ကိုယ်၊ နှုတ် နှစ်ပါးလုံး ရိုးသားဖြောင့်မတ်ရာတွင် သာမန်မဟုတ်ဘဲ အလွန်ကောင်းစွာ ဖြောင့်မတ်ရပါမည်။ ဆိုဆုံးမလွယ်သူဖြစ်ပြီးစိတ်ထားမှာလည်း နူးညံ့သိမ်မွေ့ရပါမည်။ မိမိကိုယ်ကိုအထင်ကြီးခြင်း၊ သူတစ်ပါးကို အထင်သေးခြင်းဆိုသည့် မာန်မာနမထားရပါ။ ရောင့်ရဲလွယ်တတ်ပြီးအသက်မွေးမှုပညာရှိရပါမည်။အမှုကိစ္စတို့နည်းပါးသင့်ပြီးပေ့ါပါးသောအသက်မွေးမှုရှိရပါမည်။ ငြိမ်သက်သောဣန္ဒြေရှိပြီး ရင့်ကျက်တည်ငြိမ်သည့်ပညာဉာဏ်လည်းရှိရပါမည်။ ကိုယ်၊ နှုတ်၊ နှလုံးကြမ်းတမ်းခြင်းမရှိစေရ။ အမျိုးလေးပါးတို့တွင် တပ်မက်မှုမရှိဘဲဒုစရိုက်တို့ကို အနည်းငယ်မျှမပြုကျင့်ရာ"တို့ ဖြစ်ကြပါသည်။


မေတ္တာပို့သူသည် ချမ်းသာစွာအိပ်ပျော်ပြီး စိတ်ကြည်လင်စွာအိပ်ရာမှနိုးထရသည်၊ မကောင်းသောအိပ်မက်များ မမြင်မက်ဘဲ လူအများ၏ချစ်ခင်မှုကိုရစေ၏။ ပရလောကသားများနှင့် နတ်ဗြဟ္မာများက စောင့်ရှောက်ကြသည်။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့ မထိရောက်ပါ။ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုမည်ဆိုလျှင်သမာဓိရလွယ်၏။ မေတ္တာစိတ်ကြောင့် မျက်နှာမှာကြည်လင်နေပြီး သေဆုံးခါနီးအချိန်တွင် ချမ်းသာသုခဖြင့် သေဆုံးရပါသည်။ ယခုဘဝတွင် မဂ်ဖိုလ်မရနိုင်လျှင်သော်မျှ မေတ္တာဈာန်ဖြင့် ဗြဟ္မာပြည်ကို ရောက်နိုင်ပါသည်။

**မေတ္တာ**

မေတ္တာဟူသည်မှာချစ်ခင်သောသဘော၊ သတ္တဝါအားလုံး၏ကောင်းကျိုးချမ်းသာကိုလိုလားသောစိတ်ဓာတ်များသက်ဝင်နေသည့် ချစ်ခြင်းသဘောဟုအဓိပ္ပာယ်ရသည်။ မေတ္တာဟူသည် အေးမြသောဓာတ်လည်းရှိသည်။ ရှေးလူကြီးများက သတ္တဝါအားလုံးအပေါ်တွင်မေတ္တာထားပါ၊မေတ္တာဖြင့်သာဆက်ဆံပါ။ မေတ္တာရောင်ပြန်ဟူသည်သာယာချမ်းမြေ့သောဘဝကိုပိုင်ဆိုင်စေသည်ဟုဆိုဆုံးမလေ့ရှိသည်။ လူအချင်းချင်းရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ စကားပြောဆိုရာ၌လည်းကောင်း၊ လုပ်ငန်းဆောင်တာများဆောင်ရွက်ရာ၌လည်းကောင်း မေတ္တာဟူသည့် ချစ်ခြင်းသဘောကိုအခြေခံကြရမည်ဖြစ်သည်။ လောကတွင်မေတ္တာတရားဖြင့် အသက်ရှင်နေထိုင်ခြင်းသည်လူသားအားလုံးအတွက် အေးမြလုံခြုံသောဘဝကိုသာပိုင်ဆိုင်ရရှိစေပါသည်။

မေတ္တာသည်ရေဓာတ်နှင့်တူညီပေသည်။ ရေသည် မိမိထက်မြင့်သောကုန်းမြင့်များထက်သို့တိုင်အောင် စိုစွတ်အေးမြစေသည်။ မေတ္တာဓာတ်များပြားလာလျှင်လည်းထိုမေတ္တာများသည်ကုန်းမြင့်နှင့်တူသော မိမိ၏ရန်ဘက်များကိုဖျန်းပက်သကဲ့သို့ အေးမြစေပါသည်။ မေတ္တာရေအလျဉ်သည်မိမိ၏အကျိုးကိုမျှော်ကိုးဘဲစိမ့်စမ်းရေကဲ့သို့တသွင်သွင်စီးဆင်းစေပါက မိမိသာမကသူတစ်ပါးကိုလည်း အေးမြစေပါသည်။

**❀ မိမိကိုယ်ကိုမေတ္တာပို့သည်ဟူသောအဓိပ္ပာယ်မှာမိမိသာလျှင် ကောင်းကျိုးရစေသည့် အတ္တဗဟိုပြုသည့် တစ်ကိုယ်ကောင်းဆန်သောစိတ်ထားမျိုးရှိရမည်မဟုတ်ဘဲ မိမိတို့ကိုယ်တိုင်စိတ်ချမ်းသာမှုရရှိရန်အတွက် သူတစ်ပါးအပေါ်တွင်မရိုးသားသောအပြုအမူ၊ အပြောအဆိုတို့မပြုလုပ်မိစေရန် မိမိစိတ်အားပြုပြင်ထိန်းသိမ်းထားခြင်းပင်ဖြစ် . . .**



ဗုဒ္ဓဘာသာတွင်မေတ္တာတရားသည်အပြန်အလှန်ရှိကြရမည်ဟုဆိုလိုခြင်းမဟုတ်ပေ။ မိမိအပေါ်၌ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေမိမိဘက်မှ အကောင်းအဆိုးဟူ၍ခွဲခြားခံစားခြင်းမရှိဘဲမိမိပေးနိုင်သည့်မေတ္တာတရားကိုသာ လူသတ္တဝါအားလုံးအပေါ်၌ဖြန့်ကြက်ပို့လွှတ်ထားရမည်ဖြစ်ပေသည်။ မေတ္တာအခါတော်နေ့တရားတော်၌မေတ္တာပို့ခြင်းကြောင့် မိမိတို့မျက်စိဖြင့်မမြင်နိုင်သော ပုဂ္ဂိုလ်များသည်ပင်လျှင်မေတ္တာတရား၏ အနှစ်သာရကိုနှစ်သက်သည်ဟုဖော်ပြထားသောကြောင့်မြင်အပ်သောလူအပါအဝင်သတ္တဝါအားလုံးတို့သည်လည်း မေတ္တာတရားကိုပို၍နှစ်သက်ကြမည်မှာအမှန်တရားပင်ဖြစ်သည်။ အေးမြသောအရိပ်၊ငြိမ်းချမ်းသောဘဝများကိုပိုင်ဆိုင်နိုင်ရန်အတွက် လူသားတိုင်းမေတ္တာတရားများနှင့်သာ ပေါင်းသင်းဆက်ဆံ၍နေထိုင်ကြရမည်ဖြစ်သည်။

**မိမိကိုယ်ကိုမေတ္တာပို့ပါ**

မေတ္တာဟူသည် လူသားတိုင်းနှင့်ဆိုင်သောမမြင်နိုင်သည့် စိတ်စွမ်းအင်တစ်ခုပင်ဖြစ်သည်။ လူသားအားလုံးတို့သည် မိမိကိုယ်ကိုမေတ္တာထားရန်လိုအပ်ပါသည်။ မိမိကိုယ်ကိုမေတ္တာပို့သည်ဟူသောအဓိပ္ပာယ်မှာမိမိသာလျှင် ကောင်းကျိုးရစေသည့်အတ္တဗဟိုပြုသည့် တစ်ကိုယ်ကောင်းဆန်သောစိတ်ထားမျိုးရှိရမည်မဟုတ်ဘဲ မိမိတို့ကိုယ်တိုင်စိတ်ချမ်းသာမှုရရှိရန်အတွက် သူတစ်ပါးအပေါ်တွင်မရိုးသားသောအပြုအမူ၊ အပြောအဆိုတို့မပြုလုပ်မိစေရန်မိမိစိတ်အားပြုပြင်ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ မိမိ၏ကိုယ်စိတ်နှလုံးသုံးပါးလုံးကိုအပြစ်တစ်စုံတစ်ရာမဖြစ်အောင် ထိန်းချုပ်ထားသောကြောင့် လူသားတို့အပေါ်အလေးထားမှုဖြင့် မေတ္တာတရားကိုဖြန့်ကြက်ထားနိုင်ရန် ဖြစ်ပါသည်။

မိမိကိုယ်ပိုင်စိတ်စွမ်းအားသည်အေးချမ်းသည်နှင့် အမျှတစ်ပါးသူတို့အားပေးဝေသောအကြောင်းအရာဟူသမျှတွင်လည်း မေတ္တာဓာတ်ဟူသောအေးချမ်းခြင်းတို့သက်ဝင်နေမည်မှာမလွဲကေန်ပင်ဖြစ်သည်။ မိမိကိုယ်ကိုမေတ္တာပို့ခြင်းသည် မိမိသာမကတခြားသူတို့အားလည်း မေတ္တာပို့လွှတ်အေးချမ်းခြင်းများရရှိစေသည်ကိုလူသားတိုင်းသတိပြုဆင်ခြင်ကြရန်လိုအပ်ပါပေသည်။ ထို့ကြောင့်နေ့တစ်နေ့တာ၏အစ၌ပင် မိမိကိုယ်ကိုမိမိ မေတ္တာပို့ခြင်းကို မမေ့မလျော့ဆောင်ရွက်သင့်ကြပေသည်။

**မေတ္တာပို့ပါ**

လူ့ဘောင်လောကတွင်လူသားတို့သည်တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်ကြရသည်မဟုတ်ချေ။ လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်၊ မိသားစုစသည်ဖြင့်အုပ်စုဖွဲ့၍ရောနှောနေထိုင်ကြရခြင်းဖြစ်သည်။ ထိုသို့နေထိုင်ကြရာ၌စရိုက်မတူ၊ အသွင်မတူ၊ ခံယူချက်၊ ယုံကြည်ချက်မတူညီကြသကဲ့သို့ဘာသာဓလေ့ထုံးတမ်းများလည်းမတူညီကြချေ။ သို့သော်လည်းလူသားဟူသောဖြစ်တည်မှုမှာအတူတူပင်ဖြစ်ပေသည်။ လူသားဖြစ်တည်မှုတွင်လူသားတစ်ယောက်၏အခွင့်အရေးရရှိမှုဟူသောလူ့အခွင့်အရေးသည်လည်း ညီတူညီမျှခံစားခွင့်ရှိကြပေသည်။ ညီမျှသောလူ့အခွင့်အရေးရှိသည့်အလျောက်လူသားအချင်းချင်းမာန်မာနထောင်လွှားခြင်းမရှိဘဲမေတ္တာတရားဖြင့် ဆက်ဆံပေါင်းသင်းနေထိုင်ကြရန်မှာလည်း အရေးကြီးသောအချက်တစ်ချက်ပင်ဖြစ်ပေသည်။

မေတ္တာပို့ကြသည်ဆိုရာ၌တစ်ပါးသူအားပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန်ပေးပို့ရခြင်းမဟုတ်ပေ။ မိမိအပေါ်မကောင်းသူအားမေတ္တာသာပို့လိုက်ပါဟုအလွယ်ပြောတတ်လေ့ရှိကြသည်။ သူတစ်ပါးအားထိခိုက်စေလိုသောမေတ္တာပို့ခြင်းသည်မိမိကိုယ်တိုင်ဦးစွာပူလောင်ရတတ်ပါသည်။ မည်သို့သောအခြေအနေအချိန်အခါ၌မဆို သတ္တဝါအားလုံး၏ကောင်းကျိုးလိုရာကိုဖြစ်ပေါ်စေသည့်စိတ်ဆန္ဒဖြင့် မေတ္တာပေးပို့မှသာလျှင် မိမိကိုယ်တိုင်သာမက မေတ္တာပေးပို့ခံရသူတို့လည်းအေးမြခြင်းကိုခံစားကြရပေမည်။ မေတ္တာဟူသည်အအေးဓာတ်ဆောင်သောကြောင့်အမုန်းတရားကင်းဝေး၍အေးချမ်းခြင်းကို လူသားတိုင်းစံစားရရှိလိုပါလျှင်မိမိနှင့်တကွ သတ္တဝါအားလုံးအပေါ်၌ မေတ္တာပို့သဖြန့်ကြက်ကြရပေမည်။

**မေတ္တာဖြင့်လောကကိုအလှဆင်ပါ**

လူ့လောကကြီးတစ်ခုလုံး သာယာငြိမ်းချမ်းရန်အတွက်မေတ္တာအရင်းခံစိတ်သည်လူသားတိုင်းတွင်ကိန်းအောင်းတည်ရှိရန်လိုအပ်ပါသည်။ ကိုယ်ချင်းစာတရားထားတတ်လျှင်မေတ္တာစိတ်သည်လူသားတို့၏ရင်ထဲကိန်းအောင်းလာမည်ဖြစ်သည်။ မေတ္တာဓာတ်ကိန်းအောင်းသည်နှင့်အမျှ မိမိကိုယ်တိုင်အေးချမ်းသကဲ့သို့ သူတစ်ပါးကိုလည်းအေးချမ်းမှုသာပေးအပ်ချင်လာပါလိမ့်မည်။ မေတ္တာတရားဖြင့်သာပေါင်းသင်းဆက်ဆံ၍နေထိုင်ပါလျှင် ဤလောက၌အမုန်းတရားရှိလိမ့်မည်မဟုတ်။ အမုန်းတရားကင်းစင်သောကြောင့် ရန်ငြိုးရန်စဟူသည်လည်းမရှိတော့ပေ။ သံသယဟူသောအတွေးမှား၊ အမြင်မှားတို့သည်လည်းအလျှင်းမရှိဘဲ ငြိမ်းချမ်းနေပေလိမ့်မည်။ ထို့ကြောင့်အပြုံးလှလှ၊ နှလုံးလှလှဖြင့်အမုန်းစကားမဆိုဘဲမေတ္တာနှင့်လောကကိုအလှဆင်ကြရပေမည်။ မေတ္တာပွားနေရုံမျှနှင့်မရောင့်ရဲဘဲမိမိ၏စိတ်နှလုံးတွင် မေတ္တာစိတ်ကိုအစဉ်ကိန်းအောင်းနေရန်လေ့ကျင့်ကြိုးစားကြရပေမည်။ မေတ္တာနှလုံးသားဖြင့်လောကကို အလှဆင်ကြပါရန် သတိသံဝေဂတရားဖြင့် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ကချင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာန / အဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဩဂုတ်လ ၁၆ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရောဝတီရိပ်သာ အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဌာနအလိုက် တာဝန်ရှိသူများက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဟူသည့်ဆောင်ပုဒ်နှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ အထက်မှပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားပြီး မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ၊ ကြက်သွန်နီ အစရှိသည့်အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ကမ်းပြို/ကမ်းထိန်းကာကွယ်ရေး လျာထားလုပ်ငန်းအစီအမံများနှင့် မြစ်ကမ်းလမ်းကြောင်းထိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျာထားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးကာ စီတာပူရပ်ကွက်ရှိအင်ဂျန်းခချောင်းအတွင်းနှင့် မနောကွင်းအနီး ဧရာဝတီမြစ်ရေ တိုက်စားမှုနှင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အရည်အသွေးပြည့်မီစွာ အချိန်မီဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့မှတစ်ဆင့် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းဖြင့် ခရီးသွားလာလျက်ရှိသော ခရီးသွားလုပ်သားပြည်သူများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆိုက်ရောက်/ထွက်ခွာမှုအခြေအနေများ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-ray စက်၊ CCTV များ ကောင်းမွန်မှု ရှိ/မရှိ၊ လေကြောင်းထိန်းမျှော်စင်၏ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှု ရှိ/မရှိ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း၏ ဝဲ/ယာတွင် ပန်းနှမ်းပင်များစိုက်ပျိုးရန် လျာထားသည့်မြေနေရာများနှင့် လေယာဉ်အရေးပေါ် အသက်ကယ်မီးသတ်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့် သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၁၉ ရက်မှ ဩဂုတ်လ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)





ကလေးမြို့၊ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို ဖမ်းဆီးရမိသူများနှင့်အတူ တွေ့ရစဉ်။





စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများကို ဖမ်းဆီးရမိသူများနှင့်အတူ တွေ့ရစဉ်။

❒ ကျောဖုံးမှအဆက်

NISSAN CANTER ဖ ဘီး မော်တော်ယာဉ်နှင့် သက်ခိုင်ထွေး မောင်းနှင်ပြီး အောင်ဇေ လိုက်ပါလာသည့် NISSAN CANTER ဖ ဘီး မော်တော်ယာဉ် ၂ စီးပေါ်မှ ပလတ်စတစ်ပီပါများဖြင့်ထည့်လျက် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ အားလည်းကောင်း၊ သတင်းကွင်းဆက်အရ ဩဂုတ်လ ၁၄ ရက် နံနက် ၈ နာရီတွင် အဆိုပါနေရာတွင် ထွန်းဘော်မောင်းနှင်ပြီး အောင်ကျော်ခန့် လိုက်ပါလာသည့် ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ကဖင်း ၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃၅ တန်တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ညနေပိုင်းတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တာဝန်ခံပို့ဆောင်ခိုင်းသူ မတင်တင်စု(ခ)စုမြ(ခ)မစု အား ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ငုရွှေဝါလမ်းရှိ ဂိုဒေါင်တွင် HINO ဖ ဘီး မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့်ထည့်လျက် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၅ တန် နှင့်လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက်တွင် လွှမ်းမိုးနှင့် ကိုမျိုးတို့ ၂ ဦးကို ကလေးမြို့၊ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၅ တန်၊ CANTER ဖ ဘီး မော်တော်ယာဉ် ၁ စီး၊ မှန်လုံယာဉ် ၁ စီးတို့နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများအား မြန်မာ-အိန္ဒိယနယ်စပ်မှ ကလေးမြို့သို့ သယ်ဆောင်ပြီး မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရန် ရှမ်းပြည်နယ်သို့ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ (၂၀)ကြိမ်မြောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း



ရန်ကုန်  ဩဂုတ်  ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ (၂၀)ကြိမ်မြောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဇောတိကထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဇောတိကထံမှ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

နေကိုထိုက်

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် (၁၁၈)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ




နေပြည်တော်  ဩဂုတ်  ၁၈

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းစီစဉ်ကျင်းပသော (၁၁၈)ကြိမ်မြောက် CTME စာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

CTME စာတမ်းဖတ်ပွဲတွင်သဘာပတိများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ပါမောက္ခဝင်းစိုး(ဒုတိယပါမောက္ခချုပ်၊ သင်ကြား(ငြိမ်း)၊ ဂုဏ်ထူးဆောင်ပါမောက္ခ) တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တို့က ဆောင်ရွက်ကြပြီး အဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်က အခမ်းအနားဖြစ်မြောက်ရေးကူညီပံ့ပိုးပေးသော ဦးချစ်ဦးဖြေ-ဒေါ်စန္ဒာဝင်း (ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ပဲခူးမြို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ဆက်လက်၍ ဦးချစ်ဦးဖြေ-ဒေါ်စန္ဒာဝင်း (ဒေဝယက္ခတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) မိသားစုမှ တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးသို့ ရုံးသုံးကွန်ပျူတာဝယ်ယူရန်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ခင်ဖြူသက်က လက်ခံရယူခြင်းနှင့် မန္တလေးခရိုင် တိုင်းရင်းဆေးဆရာအသင်းမှ ဆရာဦးကျော်ဝင်းက တိုင်းရင်းဆေးတက္ကသိုလ် စာကြည့်တိုက်အတွက်စာအုပ်များလှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

ယင်းနောက်ဒေါ်ချမ်းမြသူလက်ထောက်ကထိက(ဆေးဝါးဗေဒဌာန) တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)က "ဝမ်းသက်ဆေးအဖြစ်အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးနည်းများကို လေ့လာခြင်း" အကြောင်းကိုဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခြင်း၊ ပဟေဠိဖြေဆိုခြင်းနှင့် စာတမ်းရှင်အား ဂုဏ်ပြုလွှာပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ကျော်လွင်(မြဝတီ)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်အရာထမ်း ရာထူးများအတွက် ရေးဖြေစာမေးပွဲကျင်းပဖြေဆိုမှုများ လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော်  ဩဂုတ်  ၁၈

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ကြော်ငြာစာအမှတ် ၁/၂၀၂၄ ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂၀)၏ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၅၃၃ နေရာရွေးချယ်ပေးရေးအတွက် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ ဩဂုတ်လ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။

အဆိုပါ ရေးဖြေစာမေးပွဲကျင်းပနေမှုများကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် အဖွဲ့ဝင်ဒေါ်ခင်မျိုးမြင့်တို့သည်မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မန္တလေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးစိုးတင့်သည် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရန်ကုန်စာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင် ဦးရဲနိုင်သည်မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိမကွေးစာစစ်ဌာနသို့လည်းကောင်း၊ အဖွဲ့ဝင်ဦးကျော်မျိုးထွန်းသည် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ နေပြည်တော်စာစစ်ဌာနသို့လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ မွန်ပြည်နယ် စာစစ်ဌာနသို့လည်းကောင်း သွားရောက်၍ စာဖြေသူများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ပြန်တမ်းဝင်အဆင့်အရာထမ်းရာထူးများကို စနစ်တကျ ရွေးချယ်ပေးလျက်ရှိရာတွင် ဘွဲ့ရပညာတတ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကိုအခြေခံ၍ လူမှန်နေရာမှန်ခန့်အပ်နိုင်ရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှ လာရောက်ဖြေဆိုကြသူ စုစုပေါင်း ၁၇၄၂ ဦးရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ၁၈-၈-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| မန္တလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်


နေပြည်တော်  ဩဂုတ်  ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်းခွန်မဆစ်တို့တွေ့ဆုံဆွေးနွေးစဉ်။



တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ အလွတ်သဘောအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီးနောက် ဩဂုတ်လ ၁၈ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ချင်းမိုင်မြို့တွင် ရောက်ရှိနေစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်းခွန်မဆစ်နှင့် သီးခြားတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် မြန်မာနှင့်လာအိုတို့အကြား အစဉ်အလာအရ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရေး၊ လာအိုနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်နှင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရေးအပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင်ပြုလုပ်သည့် "တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ အလွတ်သဘော အစည်းအဝေး" သို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအလွတ်သဘောအစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်းခွန်မဆစ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စစ်အက်စီရီပင်တာရုချီတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက မြန်မာ-တရုတ်-ထိုင်း-လာအို လေးနိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု စသည့်တရားမဝင်လုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် လေးနိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အမြင်ချင်းဖလှယ်ကတိပြုခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အာဆီယံ၏တူညီဆန္ဒ(၅)ချက်တို့ အပြန်အလှန်လိုက်လျောညီစွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(၅၀၀)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင်ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ဇင်မင်းထွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်နှင့် ၄၂ မိနစ်တို့တွင် တီငြိမ်မင်းနှင့် ပွဲချိန် မိနစ် ၉၀ တွင် ပြည့်မိုးတို့က သွင်းယူပေးနိုင်ခဲ့သည်။



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ဩဂုတ်လ ၁၉ ရက်(**ယနေ့**)ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နေကြာသီးနှံ ဧက သုံးသန်းကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်



နေပြည်တော်  ဩဂုတ်  ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ဩဂုတ်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ကို သက်ဆိုင်ရာဒေသများ၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများလုပ်ငန်းများဆိုင်ရာများ၊ နေကြာသီးနှံနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ မေထုန်မဲ့ သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက်အောင်မြင်စေရန် နေကြာသီးနှံကို သီးညှပ်စိုက်ခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် စိုက်ဧကများ လျာထားသတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့်ဆောင်းစိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ခုနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်း စိုက်ဧက ၃ ဒသမ ၀၇ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေကြာပွင့်များ အစေ့အဆန်ပြည့်အောင်မြင်ပြီး ဆီထွက်နှုန်းကောင်းမွန်စေရန်အတွက် ဝတ်မှုန်ကူးစက်မှုအကျိုးပြုပျားမွေးမြူရေးကို တောင်သူများ တွဲဖက်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝတ်မှုန်ကူးအင်းဆက်ပိုးမွှားများ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်စေသည့် ပိုးသတ်ဆေးသုံးစွဲမှုလျှော့ချနိုင်ရေးအတွက်ကိုလည်း တောင်သူများကိုအသိပညာပေးစည်းရုံးသွားရန်လိုအပ်ကြောင်း၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ နှစ်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး၌ ဝါစိုက်ဧက ၇၀၀၀၀၀ စိုက်ပျိုးသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် ပြည်ပမှ နို့ထွက်ပစ္စည်းများတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့အပါအဝင် ဒေသငါးခုတွင် နို့စားနွားမကောင်ရေ ၆၀၀၀၀ ကျော် တိုးချဲ့မွေးမြူခြင်းကို ခရိုင်အခြေပြု မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များ ကြိုတင်စီမံဆောင်ရွက်နိုင်ရေးနှင့် နည်းပညာလိုအပ်ချက်ကူညီဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသအလိုက်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စီမံကိန်းများလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဧရာဝတီတိုင်းဒေသကြီး၌ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ တောင်သူပညာပေးစခန်း၌ မိုးစပါးရေကြီးနစ်မြုပ်တောင်သူများကို သွားရောက်တွေ့ဆုံ၍အားပေးစကားပြောကြားပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ပံ့ပိုးကူညီသွားမည့်အစီအစဉ်များကို ဆွေးနွေးပြောကြားကြပြီး မိုးစပါးရေကြီးနစ်မြုပ် တောင်သူများအတွက် သက်တမ်းတိုမျိုးစပါးနှင့် ဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ခဲ့ကြကာ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် မြေဩဇာကြဲပက်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

## ဝန်ထမ်းအိမ်ရာများအား ဒုတိယဝန်ကြီး ဦးစိုးကြည် ကြည့်ရှုစစ်ဆေး



နေပြည်တော်  ဩဂုတ်  ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် မသက်ဆိုင်သူများ ဝင်ရောက်နေထိုင်မှုမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်နေထိုင်သူများအနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်၊ သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်ဖြစ်စေရန်နှင့် ခြင်အန္တရာယ်ကင်းဝေးစေရန်အတွက် အုပ်ဆိုင်းနေသောအပင်များအား အလင်းဖွင့်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းစေရန် ဆောင်ရွက်ခြင်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အထူးအလေးထားနေထိုင်ကြရန်နှင့် ရေကို အကျိုးရှိရှိ ချွေတာသုံးစွဲကြရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြရန် တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## အစားအစာတီထွင်ဆန်းသစ်မှုဌာနတွင် MSME အကျိုးပြုလုပ်ငန်းများမှ ရလဒ်များကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဩဂုတ်  ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ဓာတုနည်းပညာသုတေသနဗဟိုဌာနတွင် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေစီမံကိန်း(၂၀၂၀)ဖြင့် MSME စားသောက်ကုန်လုပ်ငန်းရှင်များကို သင်တန်းများပေးခြင်း၊ နည်းပညာများကို ပံ့ပိုးလွှဲပြောင်းပေးခြင်းနှင့် ကုန်ကြမ်းပေး-ကုန်ချောယူ ဝန်ဆောင်မှုပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အဆိုပါဌာနရှိ လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ၊ မျိုးဆက်သစ် လူငယ်သုတေသီများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းခွင်တွင် ပျော်ရွှင်အဆင်ပြေစွာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အခက်အခဲများကိုမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဌာနတာဝန်ခံက မဲခေါင်-လန်ချန်း စီမံကိန်းဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုမှရရှိသည့် အကျိုးကျေးဇူးများ၊ သစ်သီးများကို မူလအရောင်၊ အနံ့၊ အရသာမပျက်စေဘဲ အာဟာရဓာတ်များ ပြည့်ဝစွာ ကြာရှည်ခံအောင် စမ်းသပ်ထုတ်လုပ်ထားသော တန်ဖိုးမြင့်စားသောက်ကုန်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက **စိုက်ပျိုးရေး-မွေးမြူရေးလုပ်ငန်းများမှ ရရှိသော ဒေသထွက်ကုန်ကြမ်းများမှ တန်ဖိုးမြင့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာကာ ပြည်တွင်းဖူလုံမှုသည် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရေး နည်းပညာများအပြင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး ပူးပေါင်းပံ့ပိုးပေးရန်၊ နည်းပညာမြင့် ကုန်ထုတ်စက်ပစ္စည်းများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သုတေသနရလဒ်များနှင့် နည်းပညာများကို စွန့်ဦးတီထွင်လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးမှုကိုမြှင့်တင်ဆောင်ရွက်ရန်** တိုက်တွန်းမှာကြားသည်။

ယင်းနောက် သုတေသီများ၏ အဖွဲ့လိုက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် မျိုးဆက်သစ်လူငယ်သုတေသီများကို သုတေသနဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

## မိုးပိုလာနိုင်

နေပြည်တော်  ဩဂုတ်  ၁၈

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Elephant riding activity available at Pline Kan Thayar Elephant Camp

NAUNG-U August 18

For the visitors to the Bagan Archeological Zone, they can also pay side visit and enjoy the relax to the Pline Kan Thayar Elephant Camp which is located 5 mile from Nyaung-U Township along the Ayeyawady River Bank.


In Myanmar, 22 elephant camps have been opened and one of them, the Pline Kan Thayar Elephant Camp was opened on 28 March, 2018.

The Pline Kan Thayar Elephant Camp is created with the innovative ideas for the visitors and elephant lovers to visit peacefully and take the pictures with the elephants.

Due to the elephant camp is located alongside the bank of Ayeyawady River, the service of jungle elephant riding style is given from alongside of the river bank to the hill, so, the visitors can enjoy the scenic beauties of the Ayeyawady River by riding elephants.

Likewise, at the small tents and among the big trees, lookout towers, tables and tree houses to relax but also the wood bridge with teak pillars are built to enjoy the river views and to feel the cool breeze come from the river.

The visitors can also observe the elephant museum in the elephant camp and the videos about the elephants are being screened at the museum. The museum entrance fee is Ks-1,000 for per citizen and Ks-10,000 per foreign visitor. As the elephant riding fee, Ks-10,000 per foreign visitor, it's learnt.



For the visitors to the Bagan Archeological Zone, they can also pay side visit and enjoy the relax to the Pline Kan Thayar Elephant Camp which is located 5 mile from Nyaung-U Township along the Ayeyawady River Bank.

SK

# Pigeon peas thrive on 115,660 acres of rain-fed land in Kantbalu Township

KANTBALU August 18

A total of 115,660 acres of pigeon peas have been planted in Kantbalu Township, Kantbalu District, Sagaing Region during this year's rain crops planting season, according to statistics from the Department of Agriculture for Kantbalu Township.

During the 2024-2025 rain crops planting season, 136,124 acres of pigeon peas have been earmarked to plant in Kantbalu Township and 115,600 acres have been planted since May of this year.

"During this year's rain crops planting season, 136,124 acres of pigeon peas have been earmarked for planting in Kantbalu Township. Up to now, 115,660 acres have been planted. We also help the growers to improve the yield of pigeon peas. The pigeon peas are grown separately and are also grown as intercrops," said U Myo Zaw, head of the Department of Agriculture for Kantablu Township.

This year, the Township Department of Agriculture instructed those who planted pigeon peas in Kantbalu Township to select good varieties, correct planting methods, and provide field education for pest safety and good yield.

SMK

# Myaung Township farmers cultivate 445 acres of rain-fed sunflowers

MYAUNG August 18

A total of 445 acres of sunflowers have been planted in Myaung Township, Sagaing District in this year rain crops planting season, according to statistics from Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 529 acres of sunflowers have been earmarked to plant in Myaung Township and 445 acres have been planted since June this year.

"In order to reduce the import of palm oil from abroad, the cultivation of sunflower, which is an oilseed crop, has been expanded. Sunflower produces more oil per acre than other peanut and sesame seeds. Sunflowers are mostly planted in winter," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In Myaung Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation and training courses are being conducted at a high speed for the employees and the farmers who will grow sunflowers to improve their performance. SK

# Pantanaw sells 85,000 bags of broken rice to Yangon market

PANTANAW August 18

"Up to 85,000 bags of broken rice were sent from Pantanaw Township, Maubin District, Ayeyawady Region to Yangon market in July," said Daw Myint Aye, the owner of a rice wholesale center in Pantanaw Township.

In June, only 55,000 bags of broken rice were sold and the purchase of broken rice from the Yangon market is reported to be strong.

"Broken rice is mainly sent to Yangon from Pantanaw Township. The demand for broken rice bags is significant starting from the first week of July. In July, the demand for broken rice increased. We are constantly selling the broken rice. The bags of broken rice were transported using trucks," she said.

The price of each 24-basket bag of broken rice is Ks-55,000 in the market. The increase in sales and price of broken rice made convenience for rice traders, wholesale dealers, workers and truck owners.

SMK

# State Administration Council Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Dabayin Township finishes cultivation of more than 1,000 acres of vegetables

DABAYIN August 18

A total of 1,119 acres of vegetable plants have been grown in Dabayin Township of Sagaing Region this monsoon, according to the statistics of YeU District Agriculture Department.

In 2024-2025 monsoon crop cultivation season, Dabayin Township scheduled for growing of 1,923 acres of vegetables in the township. Local farmers started cultivation of vegetables on 1,119 acres of croplands in May this year.

"This year, Dabayin Township earmarked more than 1,900 acres of vegetable plants. So far, more than 1,100 acres of vegetables have been grown in the township. Local farmers plant mustard, chilli, spicy, potato, cabbage, eggplant and Chinese cabbage. Our department helps local farmers grow all crops with GAP system. We urge them to minimize chemical residue at crops as much as possible," said U Zaw Tun Myint, Head of YeU District Agriculture Department.

Township Agriculture Department conducts training course for local farmers to apply good agriculture practice in growing crops, produce healthy crops and expand sown acreage of crops.

In the township, those growing vegetable crops earn increased incomes for their families. Officials of Township Agriculture Department share knowledge about systematic use of pests, using agricultural techniques and making natural fertilizers and pesticides.

**SMK**

# Some 500 acres of corns planted in Mawlaik District in monsoon

MAWLAIK August 18

Statistics of Mawlaik District Agriculture Department indicated that a total of 495 acres of croplands have been placed under corn plantations in Mawlaik District of Sagaing Region.

The district earmarked 575 acres of corns this monsoon, but local farmers could grow 495 acres of corns, starting from this June. So far, Mawlaik Township has planted 187 acres of corns and Phaungpyin Township 308 acres, totalling 495 acres.

"This year, local farmers grew 495 acres of corns against the target of 575 acres earmarked this year. We educate local farmers to thrive corns and prevent pests," said Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department.

In 2024-2025 monsoon, Mawlaik Township earmarked 232 acres and Phaungpyin Township, 343 acres, totalling 575 acres.

Relevant agriculture departments conduct training courses for enhancement of capacity of local farmers and agricultural staff to grow corns, field demonstrations, prevention of FAW and use of pesticides.

Corn plantations in Mawlaik District yield 15,000 pieces of corn per acre, and local farmers cost more than Ks-500,000 per acre.

**SMK**

# Farmers plant monsoon paddy on more than 800 acres of farmlands

BUDALIN August 18

A total of 802 acres of monsoon paddy has been grown as monsoon crops in Budalin Township of Sagaing Region, according to the statistics of Budalin Township Agriculture Department.

In 2024-2025 monsoon season, the township earmarked 35,000 acres of monsoon paddy but local farmers could grow 802 acres of monsoon paddy so far.

"We planned to grow more than 30,000 acres of monsoon paddy in Budalin Township. So far, local farmers planted 802 acres and they are trying hard to meet the target cultivation. Our department helps local farmers use agricultural techniques and quality strains of paddy," said U Phyo Wai, Head of Budalin Township Agriculture Department.

This year, relevant township agriculture department cooperates with local farmers in growing monsoon paddy without any difficulties.

Agricultural staff members help local farmers with agricultural techniques and post-harvest technology, prevent pests and keep paddy under shelter.

Staff of the township department make field trips to the farmlands of local farmers to choose quality strains of paddy seeds, prevent pests, weed the farmlands and systematically use fertilizers.

**SK**

# US budget deficit rises to all-time high under Biden

WASHINGTON August 18

The US budget deficit during the presidency of Joe Biden has hit the all-time high at US$-6.6 trillion, according to Sputnik calculations based on data from the US Treasury Department.

The US government's expenses over three and a half years under Biden exceeded revenues by US$-6.6 trillion — the highest in the entire history of these statistics. Thus, in 2021, the indicator amounted to US$-2.8 trillion, or to 13 percent of GDP. The following year, the negative balance decreased to US$-1.4 trillion, or 6.3 percent of GDP, but last year it increased to US$-1.7 trillion, or 7.6 percent of GDP. Over the first six months of this year, it amounted to US$-758.2 billion, and the share of GDP on a rolling annual basis was 5.5 percent.

His predecessor, Donald Trump, accumulated a total deficit of US$-5.6 trillion. At the same time, under Trump, there was a maximum annual negative budget balance of US$-3.1 trillion, or 15.5 percent of GDP, in the coronavirus-peak year of 2020.

Barack Obama became the only American leader in this century who managed to reduce the US budget deficit by the end of his presidency, to US$-2.2 trillion from US$-5.1 trillion under George W. Bush. However, Bush was the last president under whom the US budget posted a full-year surplus of US$-130 billion in 2001.

The United States has been in a state of chronic excess of expenditures over income for almost a century; the last time there was a long period of surplus was from 1920 to 1930. The only US leader after World War II with a budget surplus was Harry Truman (1946-1950), and the largest government spending surplus was under Ronald Reagan at US$-1.34 trillion. The US finances such a gigantic budget deficit from the national debt, which in July for the first time exceeded the US$-35 trillion mark, and just two weeks later grew by another US$-160 billion.

**Sputnik**

# Thai King appoints Paetongtarn Shinawatra as new PM

BANGKOK August 18

Thailand's King Maha Vajiralongkorn has appointed Paetongtarn Shinawatra as the country's prime minister, Secretary-General of the House of Representatives Arpath Sukhanunth announced on Sunday.

In a ceremony held on Sunday morning at the Pheu Thai Party headquarters, Arpath delivered the royal command stating that Paetongtarn has been appointed premier as she received majority support in the parliamentary vote on August 16.

The royal endorsement paves the way for a cabinet formation as the 37-year-old officially assumes office as the youngest and second female prime minister in the Southeast Asian nation.

In her first official speech as prime minister, Paetongtarn said she will collaborate with the legislative branch during the remaining three years of the parliamentary term and create space to listen to every opinion with the goal of propelling Thailand forward with unwavering determination.

"My hope is to harmonize the strengths of all generations, uniting individuals from all corners of Thailand, whether they serve in the government, belong to political parties, work in the private sector, or are fellow citizens," Paetongtarn said in the nationally televised ceremony.




Thailand's newly appointed Prime Minister Paetongtarn Shinawatra attends a press conference in Bangkok, Thailand, Aug. 18, 2024.

"I accept this responsibility with the utmost dedication and will make Thailand a land of opportunity and happiness, where every citizen stands on equal ground."

In her later address to the media, Paetongtarn expected the government to remain cohesive and would carry on the policies put in place during the previous administration under then Prime Minister Srettha Thavisin.

**Xinhua**

# Chinese scientists propose magnetic launcher on Moon to send resources to earth - reports



Chinese scientists propose magnetic launcher on Moon to send resources to earth.

BEIJING August 18

Chinese scientists proposed building a magnetic launcher on the Moon, which could become an cost-effective way to deliver resources mined on the lunar surface to Earth, and, in addition, part of the Russian-Chinese lunar station project, Chinese media reported on Sunday.

According to the publication, scientists from the Shanghai Institute of Satellite Engineering suggest that the magnetic levitation installation will work on the same principle as the hammer throw in athletics, but the rotation at increasing speed will be carried out before a cargo capsule is sent to Earth.

Scientists are convinced that, due to the unique environmental conditions on the Moon, such as high vacuum and low gravity, payloads can be sent twice a day, and the cost of such transportation will be about 10 percent of the cost of existing methods.

"The system's technical readiness is relatively high. Since it consumes only electricity and does not require any propellant, it will be relatively small in scale and straightforward to implement," the scientists said in their paper.

They also noted that the main task will be the extraction of helium-3 to help solve the problem of the energy crisis on Earth. The project, in their opinion, will also contribute to the development of space mining technologies, heavy launch vehicles and artificial intelligence.

The proposed launch system will use a 50-meter-long rotating arm and a high-temperature superconducting engine to launch capsules with mined resources. Ten minutes after launch, the rotation speed of the arm will reach the second cosmic velocity of the Moon of 2.4 kilometers per second and about one-sixth of the second cosmic velocity of Earth — and put it on the correct trajectory for returning to Earth.

The system is designed to last at least 20 years, but it will weigh about 80 tons, so before it can be delivered to the Moon, it will be necessary to wait for the start of operation of the Chinese super-heavy launch vehicle, the publication said.

**Sputnik**

# Putin, Aliyev to discuss Azerbaijani-Armenian settlement in Baku - Kremlin

MOSCOW August 18

Russian President Vladimir Putin and his Azerbaijani counterpart, Ilham Aliyev, will discuss the Azerbaijani-Armenian settlement in Baku during the Russian leader's state visit and exchange views on several other issues, the Kremlin said on Sunday.

On Friday, the Kremlin said that Putin would make a state visit to Azerbaijan from August 18-19.

"The presidents will exchange views on topical issues of regional and international politics, particularly on the Azerbaijani-Armenian settlement," the Kremlin said.

Russia is ready to continue providing all possible assistance to the normalization of relations between Azerbaijan and Armenia, the Kremlin added.

Meanwhile, the strategic partnership between Russia and Azerbaijan is actively developing, the Kremlin added.

"The Russian-Azerbaijani strategic partnership is developing dynamically on the basis of the principles of friendship, good neighborliness and mutual respect - based on the Declaration on Allied Cooperation signed by the presidents in February 2022 in Moscow," the Kremlin said.


**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Work stress and feeling under-valued increases the risk of a deadly health problem by up to 83 percent, study finds

- **AI diagnoses diseases by analysing the colour of your TONGUE**



Work-related stress raises risk of deadly health problem.

Stress at work could quite literally be killing you, according to researchers who found a link between job strain and a serious irregular heart rhythm condition.

Someone working a job with high stress and low reward may face a 97 percent increased risk for developing the problem, known as atrial fibrillation, according to a study in the Journal of the American Heart Association.

Researchers examined medical database records for nearly 6,000 office workers, in Canada.

It revealed high job strain alone was associated with an 83 percent higher risk of developing the heart condition.

Plus not being rewarded for your hard work alone, such as having a low salary or little recognition, was associated with a 44 percent greater risk.

Also known as AFib or AF, atrial fibrillation, is a serious condition that causes disruptions to regular heart rhythm and, if left untreated, can lead to potentially deadly heart failure. It can lead to stroke or other cardiovascular complications.

More than 1.5million people in the UK have been diagnosed with AF. But it is estimated that there are at least another 270,000 people in the UK who remain undiagnosed and unaware.

In the US more than 12 million people are projected to have AF by 2030.

Previous research linked high job strain and effort-reward imbalance at work with an increased risk of coronary heart disease.

This research is the first to examine the adverse effect of both stress and under-appreciation at work on atrial fibrillation, said the study's senior author Xavier Trudel, an occupational and cardiovascular epidemiologist and associate professor at Laval University in Quebec City, Quebec, Canada.

'Our study suggests that work-related stressors may be relevant factors to include in preventive strategies,' Dr Trudel said.

'Recognizing and addressing psycho-social stressors at work are required to foster healthy work environments that benefit both individuals and the organizations where they work.'

Researchers studied the impact of job strain, which refers to a work environment in which employees face high job demands, such as a heavy workload and tight deadlines, and low control over their work with little say in decision-making and how they execute their tasks.

Another factor assessed in the study was the effort-reward imbalance. This occurs when employees invest significant effort into their work but perceive the rewards they get in return — such as salary, recognition or job security — as insufficient or unequal to their performance.

A total of 5,926 workers — including an equal mix of men and women — were included in the analysis.

Their average age was 45 at the beginning of the study in 1999 and 65 at the end, in 2018.



Researchers revealed high job strain alone was associated with an 83 percent higher risk of developing the heart condition.

The analysis identified 186 AF cases, and among that group, 19 per cent of the people with AF reported high job strain; 25 percent said they perceived effort-reward imbalance; and 10 per cent reported experiencing both stressors simultaneously.

More than one-third of participants had been diagnosed with coronary heart disease or heart failure before their AF incidence.

But researchers found implementing flexible hours and holding meetings to discuss daily challenges reduced blood pressure levels.

'The effectiveness of workplace interventions to reduce psychosocial stressors that may also reduce the risk of AF should be investigated in future research efforts,' Dr Trudel said.

'Our research team previously conducted an organizational intervention designed to reduce psychosocial stressors at work, which was shown to effectively reduce blood pressure levels.

'Examples of organisational changes implemented during the intervention included slowing down the implementation of a large project to prevent increased workload; implementing flexible work hours; and holding meetings between managers and employees to discuss day-to-day challenges.'

However, because all the participants were Canadian and in white-collar jobs, such as office workers, study authors admitted the results may not apply to other types of workers or to workers in other countries.

**WHAT IS ATRIAL FIBRILLATION?**

More than 1.5million people in the UK have been diagnosed with atrial fibrillation (AF).

It is estimated that there are at least another 270,000 people in the UK who remain undiagnosed and unaware.

It is caused by random electrical impulses firing from the top chambers of the heart (atria) which override the heart's regular rhythm.

The cause is not fully understood, but it tends to affect certain groups of people, such as older people and people living with long-term (chronic) conditions such as heart disease, high blood pressure or obesity. **Mail Online**

ENERGY

## ရေမလို၊ ဓာတုပစ္စည်းမလိုသည့် လီသီယံ ထုတ်ယူနည်းတွေ့ရှိ



မိုနက်တက္ကသိုလ်မှသုတေသနပညာရှင်များ၏ပံ့ပိုးပေးမှုဖြင့် အီလက်ထရာလစ်အမည်ရှိ တက်သစ်စကုမ္ပဏီတစ်ခုက လီသီယံများကို ရေမလို၊ ဓာတုပစ္စည်းများမလိုအပ်ဘဲထုတ်ယူနိုင်မည့်နည်းလမ်းကို တွေ့ရှိလိုက်ကြောင်းသိရသည်။

လျှပ်စစ်ကားများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို စွမ်းအင်ပေးရေးအတွက် သာမက ပြန်လည်ပြည့်ဖြိုးမြဲနည်းလမ်းဖြင့်ရရှိလာသည့်စွမ်းအင်များကိုသိုလှောင်ရေးအတွက် အရေးပါသောလီသီယံဘက်ထရီများကိုထုတ်လုပ်ရာတွင်သဘာဝအရင်းအမြစ်များအပေါ် ကြီးစွာသောပျက်စီးမှုဖြစ်စေလျက်ရှိသည်။

ဥပမာအားဖြင့် လီသီယံတစ်တန်ထုတ်ယူမည်ဆိုပါက ရေလီတာနှစ်သန်းလိုအပ်ကာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပေါင်ချိန်ထောင်ပေါင်းများစွာကို ထွက်ရှိစေသည်။

အလားတူ ဟိုက်ဒရိုကလိုရစ်အက်စစ်နှင့် ဆိုဒီယံကာဗွန်နိတ်တို့ကဲ့သို့ ပြင်းထန်ဓာတုပစ္စည်းများကိုအသုံးပြုရခြင်းကြောင့် ရေနှင့်မြေဆီလွှာများကို ညစ်ညမ်းမှုဖြစ်စေသည်။

ထို့ကြောင့် အီလက်ထရာလစ်ကုမ္ပဏီက လီသီယံတိုက်ရိုက်ထုတ်ယူသန့်စင်မှုနည်းပညာကိုတီထွင်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့တီထွင်လိုက်သည့်နည်းလမ်းအရ လီသီယံများကိုထုတ်ယူရာတွင် ရေကိုသာမက အန္တရာယ်ရှိဓာတုပစ္စည်းများကို သုံးစွဲရန်မလိုကြောင်းသိရသည်။

အဆိုပါနည်းလမ်းမှာ ပင်လယ်ရေများကိုရေမျက်နှာပြင်ပေါ်သို့စုပ်တင်စဉ် အထူးစီမံထားသောအလွှာများက လီသီယံအိုင်းယွန်းများကိုသာ စစ်ထုတ်ယူထားမည်ဖြစ်ကာ ထုတ်ယူရရှိသောလီသီယံများကို သန့်စင်မှုပြုလုပ်ပြီး ဘက်ထရီထုတ်လုပ်နိုင်သော လီသီယံဟိုက်ဒရောဆိုက်အဖြစ်သို့ ပြောင်းလဲပေးခြင်းဖြစ်ကြောင်း သိရသည်။ **Ref: IE**

## ကျောင်းသားတစ်ဦးက အသေးစားနျူကလီးယား ဓာတ်ပေါင်းဖိုကိုဖန်တီးနိုင်

အီတလီနိုင်ငံမှ မန်ကာရီနီအမည်ရှိ အထက်တန်းကျောင်းသားတစ်ဦးသည် ကျောင်းပတ်ဝန်းကျင်အခြေအနေမှာပင် အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုကိုဖန်တီးလိုက်နိုင်ကြောင်းသိရသည်။

အသက် ၁၇ နှစ်သာ ရှိသေးသည့် မန်ကာရီနီ၏ အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုကို ကိန်းဘရစ်သိပ္ပံပွဲတော်၌ပြသခဲ့ရာ အောင်မြင်မှုရရှိသည်ကိုတွေ့ရသည်။

အဆိုပါ အသေးစားဓာတ်ပေါင်းဖိုကို ဖန်တီးနိုင်ရေးအတွက် အချိန် ၁၈ လကြာမြင့်ခဲ့ပြီး ခက်ခက်ခဲခဲနှင့်ကြိုးပမ်းခဲ့ရခြင်းဖြစ်ကြောင်း မန်ကာရီနီကပြောသည်။

မန်ကာရီနီအနေဖြင့် အဆိုပါအသေးစားဓာတ်ပေါင်းဖိုကို ဖန်တီးရသည့်ရည်ရွယ်ချက်မှာ ပေါင်းစည်းမှုလိုအပ်သောအခြေအနေများကို ဖန်တီးနိုင်ရေးအတွက်ဖြစ်သည်ဟု ၎င်းကပြောထားသည်။

သို့သော် ဓာတ်ပေါင်းဖိုသည် နေကြောင့်ဖြစ်ပေါ်သော တူညီသည့်ဖိအားကိုမရရှိနိုင်သည့်အတွက် အက်တမ်များကိုပူလာစေရန် ဗို့အားမြင့်လျှပ်စစ်ဓာတ်အားကို အသုံးပြုခဲ့ရကြောင်းသိရသည်။ **Ref: IE**





SPACE

## ယခုလပြည့်ညတွင် အပြာရောင်လကို ပုံမှန်ထက်ကြီးသောအရွယ်ဖြင့် မြင်တွေ့ရမည်



ဩဂုတ်လ ၁၉ ရက် လပြည့်ညတွင် ကောင်းကင်ယံ၌ ပုံမှန်ထက်ကြီးမားသောအရွယ်ရှိသည့် အပြာရောင်လကို မြင်တွေ့ရမည်ဖြစ်သည်။

ပုံမှန်ထက်ကြီးမားသည်ဟုဆိုရခြင်းမှာ လသည် မိမိတို့မြင်တွေ့နေကျဖြစ်သည့် လ၏အရွယ်အစားထက် ၁၄ ရာခိုင်နှုန်းမျှကြီးမားကာ တောက်ပမှုမှာလည်း ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းမျှပိုသည်။

ထိုသို့ပုံမှန်ထက်ကြီးသောလ ဖြစ်ပေါ်လာခြင်းသည် လ၏ပတ်လမ်းက ကမ္ဘာနှင့် ပိုမိုနီးကပ်သောနေရာသို့ ရောက်လာခြင်းကြောင့်ဖြစ်သည်။

ဩဂုတ်လတွင်ဖြစ်ပေါ်သည့် ပုံမှန်ထက်ကြီးသောလသည် ယခုနှစ်အတွင်းဖြစ်ပေါ်မည့်အလားတူဖြစ်စဉ်များအနက် ပထမဆုံးဖြစ်သည်။ နောက်ထပ်ပုံမှန်ထက်ကြီးသောလဖြစ်ပေါ်မှုကို စက်တင်ဘာလ ၁၇ ရက်၊ အောက်တိုဘာလ ၁၇ ရက်နှင့် နိုဝင်ဘာလ ၁၅ ရက်တို့တွင်မြင်တွေ့ရမည်ဖြစ်သည်။

အပြာရောင်လဆိုသည်မှာ တကယ်တမ်းတွင် အပြာရောင်ဖြစ်နေသောလကို ခေါ်ဆိုခြင်းမဟုတ်ပေ။ လပြည့်အခါလေးကြိမ်ရှိသည့်ရာသီတစ်ခု၌ တတိယမြောက်ဖြစ်ပေါ်သောလပြည့်ကို အပြာရောင်လ (Blue Moon) ဟုခေါ်ခြင်းဖြစ်ပြီး ထိုသို့သောလကို ဩဂုတ်လ ၁၉ ရက် ညကောင်းကင်ယံ၌ မြင်တွေ့ရမည်ဖြစ်သည်။

ယခုကဲ့သို့သော အခြေအနေမျိုးဖြင့် ဖြစ်ပေါ်သည့် ပုံမှန်ထက်ကြီးသောအပြာရောင်လကို ၂၀၃၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်မှသာ မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။ **Ref: Space**

## တွင်းနက်ကြီးများက ကြယ်စင်စုများ၏အသက်သွေးကြောဖြစ်



တွင်းနက်ကြီးများက ကြယ်စင်စုများ၏ အသက်သွေးကြောဖြစ်ကြောင်း တရုတ်နှင့် ပြင်သစ်သုတေသနပညာရှင်များက တွေ့ရှိသည်။

ကြယ်စင်စုတစ်ခု၏ အလယ်ဗဟိုတွင်ရှိသောတွင်းနက်ကြီးတစ်ခုသည် ၎င်း၏ပတ်ဝန်းကျင်ရှိ အေးနေသောဓာတ်ငွေ့များကိုအပူပေးနိုင်သောကြောင့် ကြယ်စင်စုကိုကျုံ့သွားစေခြင်းနှင့် နောက်ထပ်ကြယ်အသစ်များဖြစ်ပေါ်ခြင်းတို့ကို ကာကွယ်ပေးနိုင်ကြောင်း ပညာရှင်များက ကြယ်စင်စု ၆၉ ခုကိုလေ့လာပြီးနောက် ယခုကဲ့သို့ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် တွင်းနက်၏အရွယ်အစားကကြီးမားလေလေ ကြယ်စင်စုအတွင်း အေးနေသော ဓာတ်ငွေ့များဖြစ်တည်မှုနည်းပါးလေလေဖြစ်ကြောင်း ၎င်းတို့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အေးနေသောဓာတ်ငွေ့များက နောက်ထပ်ကြယ်များအသစ်ဖြစ်ပေါ်မှုအတွက် အဓိကကျသော ဒြပ်ပစ္စည်းဖြစ်သည်။ ထိုအတွက်ကြောင့် ယခုကဲ့သို့တွေ့ရှိမှုသည် ကြယ်စင်စုများအနေဖြင့် အဘယ်ကြောင့်ဆက်လက်ကြီးထွားနေသည် သို့မဟုတ် ကြီးထွားမှု ရပ်တန့်သွားသည်တို့ကို ရှင်းပြနိုင်စေမည်ဖြစ်ကြောင်း သုတေသီများက ပြောသည်။

ကြယ်စင်စုများသည် စကြဝဠာဖြစ်ပေါ်မှုအတွက် အဓိကမရှိမဖြစ်သောအရာများဖြစ်ပြီး ထိုကြယ်စင်စုများတွင် သိန်းသန်းချီသောကြယ်များအပြင် ဓာတ်ငွေ့များ၊ ဖုန်များနှင့် ၎င်း၏အလယ်ဗဟို၌ အလွန်ကြီးသော တွင်းနက်ကြီးတစ်ခုစီရှိကြောင်း သုတေသနပညာရှင်များက ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: IE**

## ဟိုက်ဒရိုဆက်၏ဂြိုဟ်တုက မြေပြင်အပူချိန်ကိုတိုင်းတာနိုင်

ဟိုက်ဒရိုဆက်ကုမ္ပဏီက လွှတ်တင်ထားသည့် မြေပြင်အပူချိန်ကိုတိုင်းတာနိုင်ကြောင်းနှင့် ရရှိသောအချက်အလက်များကို ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်းသိရသည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေစောင့်ကြည့်ရေးအတွက် လွှတ်တင်ထားသည့် အခြားသောဂြိုဟ်တုများမှ အချက်အလက်များကို ရယူပေါင်းစည်းကာ မြေပြင်ရှိ အပူချိန်များကို တွက်ချက်ခြင်းဖြစ်သည်။

ယင်းအချက်အလက်များကိုအသုံးပြုခြင်းဖြင့် အရေးကြီးသောပတ်ဝန်းကျင်ရှိ ပြောင်းလဲမှုများကို ထောက်လှမ်းခွဲခြမ်းစိတ်ဖြာနိုင်စွမ်း ပိုမိုတိုးတက်လာကာ စစ်ဘက်ဆိုင်ရာနှင့် အမျိုးသားလုံခြုံရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဟိုက်ဒရိုဆက်ကုမ္ပဏီ၏ ဂြိုဟ်တုတွင် အပူငွေ့ရှာကင်မရာတစ်လုံးလည်း တပ်ဆင်ထားကြောင်းသိရသည်။ **Ref: IE**

# ဖိလစ်ပိုင်က တပ်မတော်ကိုအဆင့်မြှင့်တင်ရေးအစီအစဉ်အတွက် ပီဆိုဘီလီယံ ၅၀ ခွဲဝေသတ်မှတ်



**မနီလာ၊ စစ်ရေး**

ဖိလစ်ပိုင်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း တပ်မတော်အဆင့်မြှင့်တင်ရေးအစီအစဉ်အတွက် ပီဆိုဘီလီယံ ၅၀ ကိုခွဲဝေသတ်မှတ်ပေးလိုက်ကြောင်း လွှတ်တော်အမတ်တစ်ဦးက ဩဂုတ်လ ၁၈ ရက်တွင်ပြောသည်။

ယခုခွဲဝေသတ်မှတ်ပေးသည့်ပမာဏသည် ၂၀၂၄ ခုနှစ်အတွင်း စစ်လက်နက်ပစ္စည်းဝယ်ယူရေးနှင့် စစ်ဘက်အဆင့်မြှင့်တင်မှုအတွက်သတ်မှတ်ပေးလိုက်သည့်ပမာဏထက် ၂၅ ရာခိုင်နှုန်းပိုများကြောင်း အောက်လွှတ်တော်အမတ် ဂျန်နီပိုင်မန်တယ်ကပြောသည်။

ပြီးခဲ့သည့်လတွင် ရသုံးငွေစာရင်းနှင့် စီမံခန့်ခွဲရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ်အတွက် နိုင်ငံတော်၏ခန့်မှန်းခြေရသုံးငွေစာရင်းကို အောက်လွှတ်တော်သို့တင်ပြလာခြင်းဖြစ်သည်။

အဆိုပါ ခန့်မှန်းခြေရသုံးငွေစာရင်း၌ အစိုးရအသုံးစရိတ်အဖြစ် ပီဆို ၆ ဒသမ ၃၅၂ ထရီလီယံတင်ပြထားသည်ကိုတွေ့ရသည်။

ထိုပမာဏသည် ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုး၏ ၂၂ ရာခိုင်နှုန်းရှိကာ ၂၀၂၄ ခုနှစ် အစိုးရအသုံးစရိတ်ထက် ၁၀ ဒသမ ၁ ရာခိုင်နှုန်း ပိုများကြောင်း တင်ပြချက်တွင်ဖော်ပြထားသည်။

ယခုတင်ပြလာသော အစိုးရ၏အသုံးစရိတ်ကို အောက်လွှတ်တော်နှင့်အထက်လွှတ်တော်တို့က စိစစ်သွားမည်ဖြစ်ပြီး လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုပြီးပါက သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက ဥပဒေအဖြစ်လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

Ref: Xinhua

# ထိုင်းဘုရင်က ဖယ်ထုန်ထန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်

**ဘန်ကောက်၊ ပြည်တွင်းရေး**



ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းက ဖယ်ထုန်ထန်ရှင်နာဝပ်ကို နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ကြောင်း အောက်လွှတ်တော်အတွင်းရေးမှူးချုပ် အာပတ်ဆူခါနွန့်က ဩဂုတ်လ ၁၈ ရက်တွင်ထုတ်ပြန်ကြေညာသည်။

ဖူထိုင်းပါတီဌာနချုပ်၌ ကျင်းပသော အခမ်းအနားတွင် အာပတ်ဆူခါနွန့်က ဘုရင်၏ ဝန်ကြီးချုပ်ခန့်အပ်မှုအမိန့်လွှာကိုဖတ်ကြားခြင်းဖြစ်သည်။

ထိုသို့ ဘုရင်၏အမိန့်ကြောင့် အသက် ၃၇ နှစ်သာရှိသေးသည့် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ ၃၁ ဆက်မြောက်နှင့် ဒုတိယမြောက်ဝန်ကြီးချုပ်ဖြစ်လာပြီဖြစ်သည်။

ထို့နောက် ဖယ်ထုန်ထန်ရှင်နာဝပ်က ၎င်းအနေဖြင့် ကျန်ရှိနေသောလွှတ်တော်သက်တမ်းသုံးနှစ်အတွင်း ဥပဒေပြုရေးအဖွဲ့နှင့်ပူးပေါင်းကာ ထိုင်းနိုင်ငံကိုအတားအဆီးမရှိ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးရည်မှန်းချက်အတွက် အတွေးအမြင်သဘောထားများကို နားထောင်သွားမည်ဟုပြောသည်။

ထို့ပြင် ၎င်းသည် ဝန်ကြီးချုပ်ဟောင်းဆယ်ထာထာဝီဆင်အစိုးရအဖွဲ့ကချမှတ်ခဲ့သော မူဝါဒများကိုဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်သွားမည်ဟု ပြောထားသည်။

Ref: Xinhua

# ကမ္ဘာ့ခေါင်းစီးသတင်းများတွင် ရုရှားသမ္မတပူတင်နှင့်တရုတ်နိုင်ငံတို့၏အမည်က ပိုမိုနေရာယူလာ

**မော်စကို၊ ပြည်တွင်းရေး**

ကမ္ဘာ့ခေါင်းစီးသတင်းများတွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က ပိုမိုနေရာယူလာသည်ကိုတွေ့ရကြောင်း Sputnik သတင်းဌာနကဖော်ပြထားသည်။

ယခုနှစ်အတွင်း အမေရိကန်မီဒီယာများ၌ ပူတင်၏အမည်ကိုထည့်သွင်းရေးသားမှုက အကြိမ်ရေ ၁၆၃၀၀ ရှိသည်။ ထိုပမာဏသည် ၂၀၂၀ ပြည့်နှစ်ကထက် အကြိမ်ရေ ၁၀၀၀၀ ကျော် ပိုများနေသည်ကိုတွေ့ရသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟူသောအမည်ကို အမေရိကန်မီဒီယာများ၌ဖော်ပြမှုကအကြိမ်ရေ ၂၄၅၀၀၀ ရှိသည်ကိုတွေ့ရသည်။ တရုတ်နိုင်ငံ၏နောက်တွင် အစ္စရေးက အကြိမ်ရေ ၁၂၃၀၀၀ နှင့် ရုရှားက အကြိမ်ရေ ၇၉၀၀၀ တို့ဖြင့် ကမ္ဘာ့ခေါင်းစီးသတင်းများတွင် နေရာယူလာသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏အမည်ကို ဖော်ပြမှုအကြိမ်ရေမှာမူ ၃၄၀၀၀ ရှိကြောင်းသိရသည်။

Ref: Sputnik

# သတင်းတိုကဏ္ဍ

## ယီမင်၌ ပြင်းထန်အာဟာရချို့တဲ့သူအရေအတွက် လျင်မြန်စွာမြင့်တက်လာ

ယီမင်နိုင်ငံ၌ ပြင်းထန်အာဟာရချို့တဲ့သူအရေအတွက် လျင်မြန်စွာမြင့်တက်လာကြောင်း ကုလသမဂ္ဂက ဩဂုတ်လ ၁၈ ရက်တွင်ထုတ်ပြန်ထားသည်။

အထူးသဖြင့် ယီမင်အစိုးရထိန်းချုပ်ထားသောနယ်မြေများနှင့် ပင်လယ်နီကမ်းရိုးတန်းတစ်လျှောက်ဒေသများတွင် အာဟာရချို့တဲ့သူအရေအတွက် သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး ကျွမ်းကျင်ပညာရှင်များကပြောထားသည်။

ထိုနိုင်ငံအတွင်း ဆော်ဒီအစိုးရကပံ့ပိုးပေးထားသည့် ယီမင်အစိုးရနှင့် အီရန်၏ထောက်ပံ့ခံဟူသီသူပုန်တို့ကြား တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် စီးပွားရေးပြိုလဲမှုဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။

ထို့ပြင် ဝမ်းရောဂါနှင့် ဝက်သက်ရောဂါကဲ့သို့ ရောဂါများကူးစက်မှု၊ အာဟာရရှိသောအစားအစာများပြတ်လပ်မှု၊ သောက်ရေပြတ်လပ်မှုနှင့် စီးပွားရေးကျဆင်းမှုတို့ကြောင့် အာဟာရချို့တဲ့သူအရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကထက် ၃၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်းသိရသည်။

Ref: TST

## ပါကစ္စတန်၌ ဇူလိုင်လနောက်ပိုင်း မိုးရွာ၊ ရေကြီးမှုကြောင့် သေဆုံးသူ ၁၈၇ ဦးအထိရှိ

ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ဇူလိုင်လနောက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုတို့ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၈၇ ဦးအထိ ရှိလာပြီဟု တာဝန်ရှိသူများက ဩဂုတ်လ ၁၇ ရက်တွင်ထုတ်ပြန်ထားသည်။

သေဆုံးသူများတွင် ကလေးငယ် ၉၆ ဦးနှင့် အမျိုးသမီး ၃၀ ပါဝင်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နိုင်ငံအရှေ့ပိုင်းရှိ ပန်ဂျပ်ပြည်နယ်က လူသေဆုံးမှု ၆၈ ဦးဖြင့် သဘာဝဘေးကို အဆိုးဆုံးခံရသည့်ဒေသဖြစ်သည်။ ၎င်း၏နောက်တွင် ခိုင်ဘာပတ်တန်ခွာနှင့် ဆင်းပြည်နယ်တို့က သေဆုံးသူ ၆၅ ဦးနှင့် ၃၂ ဦးတို့ဖြင့် အသီးသီးရပ်တည်နေသည်။

ထို့ပြင် ဘာလိုချီစတန်ပြည်နယ်တွင် သေဆုံးသူ ၁၃ ဦး၊ ကက်ရှမီးယားဒေသတွင် ငါးဦးနှင့် ဂီဂစ်ဘော်တစ္စတန်ဒေသတွင် လေးဦးရှိသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အတူ အိမ်ခြေ ၂၂၉၃ လုံးနှင့် တံတားအစင်း ၃၀ ပျက်စီးကာ မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၃၅၂ ကောင်သေဆုံးကြောင်းသိရသည်။

Ref: Xinhua

## ကီယက်မြို့ကို ရုရှားက ဒုံးကျည်များဖြင့်တိုက်ခိုက်ဟု ယူကရိန်းပြော

ယူကရိန်းနိုင်ငံ ကီယက်မြို့ကို ရုရှားက ဒုံးကျည်များဖြင့်တိုက်ခိုက်ကြောင်း ယူကရိန်းစစ်ဘက်တာဝန်ရှိသူများက ဩဂုတ်လ ၁၈ ရက်တွင်ပြောသည်။

ရုရှားက ဩဂုတ်လ ၁၈ ရက်နံနက်ပိုင်းတွင် အမြင့်ပျံနှင့်အနိမ့်ပျံဒုံးကျည်များကို ကီယက်မြို့သို့ ဦးတည်ပစ်ခတ်ကြောင်း ကီယက်မြို့စစ်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ရုရှားက ဒေသစံတော်ချိန်နံနက် ၅ နာရီတွင် အမြင့်ပျံဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သော်လည်း ကီယက်မြို့ပြင်၌ ထိုဒုံးကျည်များကို ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အမြင့်ပျံဒုံးကျည်များဖြင့်တိုက်ခိုက်မှုသည် ယခုလအတွင်း တတိယမြောက်ဖြစ်ကြောင်းနှင့် အတိအကျဆိုရပါက ခြောက်ရက်တစ်ကြိမ်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထို့နောက်နှစ်နာရီအကြာတွင် ရုရှားက အနိမ့်ပျံဒုံးကျည်များဖြင့်တိုက်ခိုက်သော်လည်း ယူကရိန်းက ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း သိရသည်။

Ref: Xinhua

## ပိုလန်နယ်ခြားစောင့်တပ်ဖွဲ့က ရွှေ့ပြောင်းလာသူများကို ပစ်ခတ်ပိုင်ခွင့်ရရှိ

ပိုလန်သမ္မတအန်ဇက်ဒူဒါက လက်နက်ကိုင်တပ်ဖွဲ့များကို ပစ်ခတ်ပိုင်ခွင့်ပိုမိုပေးအပ်သည့်ဥပဒေကို လက်မှတ်ထိုးအတည်ပြုလိုက်ကြောင်းသိရသည်။

ထိုဥပဒေအရ ပိုလန်နယ်ခြားစောင့်တပ်ဖွဲ့သည် နယ်စပ်သို့ဝင်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို ပစ်ခတ်ပိုင်ခွင့်ရှိကာ ထိုသို့ပစ်ခတ်မှုအတွက် ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပိုလန်သမ္မတက နိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေတွင်ဖော်ပြထားသော နယ်စပ်ကိုစောင့်ကြပ်နေသည့် စစ်သည်တစ်ဦးအနေဖြင့် ၎င်း၏အသက်သို့မဟုတ် အခြားသူများ၏အသက်ကို ကာကွယ်နိုင်ရေး လုပ်ဆောင်သောပစ်ခတ်မှုအတွက် ပြစ်ဒဏ်ကျခံရမည်ဟူသော အပိုဒ်ကိုလည်း ပြင်ဆင်လိုက်ကြောင်း သိရသည်။

Ref: Xinhua

# ONE Friday Fight-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာငါးဦး တွဲဆိုင်းများပါဝင်မည်

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ်လ ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fight-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာငါးဦး၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် သန့်ဇင်၊ သွေးလင်းထက်၊ အဲမွီ၊ ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်နှင့်စစိုးသီဟတို့၏ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ မြန်မာဖိုက်တာများအနက် သန့်ဇင်က ထိုင်းဖိုက်တာ ထိုင်၊ သွေးလင်းထက်က ထိုင်းဖိုက်တာ ကိုင်မိုခါအို၊ အဲမွီက ဂျပန်ဖိုက်တာ တာကာဇိုနို၊ စစိုးသီဟက ဂျပန်ဖိုက်တာ မာဆတိုရှိ၊ ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်က ထိုင်းဖိုက်တာ ကော်ပိုင်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ်လ ၂၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ ယခင်က မြန်မာကစားသမားများအနေဖြင့်တစ်ဦး သို့မဟုတ် နှစ်ဦးသာ ထိုးသတ်ခွင့်ရသော်လည်း ONE Friday Fight-76 ပြိုင်ပွဲတွင်မူ ငါးဦးအထိ ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

ညီမြတ်သော်တာ

ဓာတ်ပုံ-ONE Championship




## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့်ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

**(ယမန်နေ့မှအဆက်)**



**င/ ငေါ့ /**

**င** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ငါးလုံးမြောက်ဗျည်းအက္ခရာ ဖြစ်သည်။ နာမည်သီးခြားမရှိဘဲ င ဟုပင် ခေါ်သည်။ ကဝဂ်ဗျည်း ငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ပဉ္စမက္ခရာဟု ခေါ်သည်။ ကဝဂ်တွင် နောက်ဆုံးဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ဝဂ္ဂန္တဗျည်းဟုလည်းခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ င ဗျည်းသည် အာခေါင်ပျော့တွင် ဖြစ်သော်လည်း အခြားအာခေါင်ပျော့ဗျည်းများနှင့် မတူပါ။ င ဗျည်းရွတ်ဆိုက နှာခေါင်းမှလေထုတ်သည်မှာ ထင်ရှားသဖြင့် နှာသံဗျည်းဟု သတ်မှတ်သည်။ အာခေါင်ပျော့နှင့် နှာခေါင်းတို့ နှစ်နေရာတွဲဖြစ်သောကြောင့် ဒွိဇဗျည်းဟုလည်း ခေါ်သေးသည်။ င ဗျည်းအက္ခရာနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "င အက္ခရာ၌ သင်္ကေတကား 'ဝန်းရှရှန်း သည် ဝတကား၊ အရင်းစမူ င တကား'ဟူ၍ ရှေးသူဟောင်းတို့ စကားထာဆိုသော အရာကိုထောက်၍ ဝအက္ခရာကဲ့သို့ ညီဝန်းစွာရေးသည်တွင် နောက်အဖို့ကို ချေဖျက်၍ထား၏ သို့ရေးလို၏"ဟူ၍ ဆိုထားပါသည်။

**င** သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**စ/ စလုံး /**

**စ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ခြောက်လုံးမြောက်ဗျည်းအက္ခရာ ဖြစ်သည်။ စလုံးဟုခေါ်သည်။ လုံးလုံးဝန်းဝန်းဖြစ်သော စ ဟုဆိုလိုသည်။ စ ဆ ဇ ဈ ည ဟူသော စဝဂ် ဗျည်းအက္ခရာငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် စဝဂ်၏ ပထမက္ခရာ ဟုခေါ်သည်။ သံနှုတ်သံလျော့ဗျည်းဖြစ်သည်။ ပါဠိဘာသာဖြင့် အဃောသသိထိလဖြစ်သည်။ အနက်အဓိပ္ပာယ်အရသော် သုဒ္ဓဗျည်း ဖြစ်သည်။ စ ၏ ကာရိုက်ဗျည်းမှာ ဆ ဖြစ်သည်။ ပါဠိဘာသာတွင် စ ဆ ဇ ဈ ည ဟူသော စဝဂ်အက္ခရာငါးလုံးသည် တာလုဇအက္ခရာများဖြစ်သည်။ အာစောက်ဖြစ် အက္ခရာများဖြစ်သည်။ ပါဠိဘာသာတွင် ကျ ချ ဂျ ဃျ ငျ (တျ ထျ ဒျ ဓျ နျ) ဟု အသံထွက်သဖြင့် တာလုဇအက္ခရာဟု သတ်မှတ်သည်။ မြန်မာဘာသာတွင်မူ မြန်မာတို့က စ ဆ ဇ ဈ ည ဟုပင် အသံထွက်သည်။ ထို့ကြောင့် စ ဆ ဇ ဈ သည် သွားရင်းအရပ်တွင် အသံဖြစ်သဖြင့် သွားရင်းဌာန်ဖြစ် အက္ခရာများဟု ဆိုရသည်။ ည ကိုမူ အာစောက်ဖြစ် အက္ခရာဟုပင် သတ်မှတ်သည်။ စလုံးနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "စလုံးအက္ခရာ၌ သင်္ကေတကား နိသံယောဂ သံယောဂဟူ၍ အသွင်မဖောက်။ အချို့သောသူတို့သည် ရှေ့အဖို့အတွင်း၌ အဆန်ထည့်မည့်အတွက်ကို အတွင်းသို့ အတန်ငယ် အကွေးအညွတ်ဝင်စေလျက် ရေးမှတ်ကုန်၏။ စလုံးဟူသောဝေါဟာရကိုလိုက်လျှင် အလုံးညီညာစွာရေးရမည်ကို ညွတ်ပြန်ယိုင်ပြန်သည်ဟူ၍ ဆိုပါရသည်သာ။ ဆရာ့နည်း အထူးမထင်သောကြောင့် ကျွမ်းကျင်လေ့လာသည်သာ ပမာဏကဲ့သို့ရှိ၏"ဟု ရှင်းပြပါသည်။

**စလုံး**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဆ/ ဆာ့လိမ် /**

**ဆ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ခုနစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဆလိမ်ဟုခေါ်သည်။ လိမ်နေသော ဆ၊ အလိမ်ပါသောဆဟု ဆိုလိုသည်။ ဆလိမ်တွင် ယခုအခါ လိမ်နေသောအသွင်၊ အလိမ်သဏ္ဌာန်ကို မတွေ့ရသော်လည်း ပုဂံခေတ်၊ ပင်းယခေတ် စသော ရှေးကျောက်စာများတွင် အလိမ်ပါသော၊ လိမ်နေသောပုံသဏ္ဌာန်ရှိ ဆလိမ်များကို တွေ့နိုင်ပါသည်။ ကြိုးကွင်းတစ်ကွင်းကို တစ်ချက်လိမ်ထားသကဲ့သို့ဖြစ်သည်။ စဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သောကြောင့် စဝဂ်ဒုတိယက္ခရာဟုခေါ်သည်။ သံနှုတ်သံတင်းဗျည်းဖြစ်သည်။ သွားရင်းဌာန်တွင်ဖြစ်သည်။ အနက်အဓိပ္ပာယ်အားဖြင့် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဘာသာတွင် ဆ ကို ချဟု အသံထွက်သဖြင့် တာလုဇအက္ခရာ အာစောက်ဗျည်းဟု သတ်မှတ်သည်။ ဆလိမ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဆလိမ်အက္ခရာ၌လည်းသင်္ကေတ အထူးမထင်၊ ရှေ့အဖို့၌ အောက်အစွန်းမှ အတွင်းသို့ အတန်ငယ်လိမ်၍ ခွေညွတ်ဝင်စေလျက်ရေးလျှင် ဆလိမ်ဟူသော ဝေါဟာရနှင့်အညီ သဘောကျရာတော့သည်"ဟု ရှင်းပြထားပါသည်။ ဆရာတော်ဘုရားတို့ခေတ်က ဆလိမ်တွင် အလိမ်ပါနေသည်ဟု ဆိုရပါမည်။ ယခုအခါ ဆလိမ်သည် ခခွေးတွင် ဝအက္ခရာ ဆက်ထားသကဲ့သို့ ဖြစ်သည်။

**ဆလိမ်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။



**ဇ/ ဇော့ဂွဲ /**

**ဇ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ရှစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဇကွဲဟုခေါ်သည်။ ကွဲနေသော ဇ၊ အကွဲပါသော ဇ ဟု ဆိုလိုသည်။ ယခုအခါ ဇကွဲတွင် ကွဲနေသော အသွင်၊ အကွဲသဏ္ဌာန်ကို မတွေ့ရသော်လည်း ပုဂံခေတ်၊ ပင်းယခေတ် စသော ရှေးကျောက်စာများတွင် အကွဲပါသော ဇကွဲများကို တွေ့ရပါသည်။ င အက္ခရာမျက်နှာမူရာဘက် အပွင့်အဟတွင် မျဉ်းတိုကလေးပါသဖြင့် အဝကို အထက်အောက်ခွဲထားသကဲ့သို့ ဖြစ်နေသည်။ ကွဲနေသည့်သဏ္ဌာန် ဖြစ်နေသည်။ စဝဂ်ဗျည်းငါးလုံးတွင် တတိယဗျည်းအက္ခရာဖြစ်သောကြောင့် စဝဂ်၏ တတိယက္ခရာဟု ခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ ဃောသသိထိလအက္ခရာ ဖြစ်သည်။ ဇကွဲသည် သွားရင်းဌာန်ဖြစ်အက္ခရာဖြစ်သည်။ ပါဠိဘာသာတွင်မူ ဂျ ဟု အသံထွက်သဖြင့် အာစောက်ဗျည်းဟု သတ်မှတ်သည်။ တာလုဇဗျည်းဖြစ်သည်။ ဇကွဲနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဇကွဲအက္ခရာ၌ သင်္ကေတကား ယေဘုယျအားဖြင့် ရှေးစာဟောင်းတို့၌ အောက်အစွန်းကိုအတွင်းသို့ အတန်ငယ်သွင်း၍ အညွန့်အမြီးကိုလည်း အတန်ငယ်အောက်သို့ ညွတ်၍ဝင်စေသည်။ နောက်နောက်သော သူတို့ကား အထက်အစွန်းကို အတွင်းသို့ ခွေလိပ်ပင့်၍အပြင်သို့ အညွန့်အမြီးထွက်စေသည်။ မွန်တို့ကား အထက်အစွန်းကို အတွင်းသို့ အတန်ငယ်သွင်း၍ အညွန့်အမြီးကို အတန်ငယ်အောက်သို့ ညွတ်စေဆင်းစေသည်။ ထိုတွင် ဇကွဲဟူသော ဝေါဟာရနှင့်အညီ ကွဲသောအရိပ်သည် ရှေးစာဟောင်းတို့၌ အရေး၊ မွန်တို့၏ အရေး၌ ထင်သောကြောင့်လည်းကောင်း၊ သုံးစွဲရေးမှတ်သော အစဉ်ရှည်လျားအံ့ဖြစ်၍လည်းကောင်း သင့်နိုးအံ့သည်။ လိမ်၍ထုတ်သောအရေးကားယုက်လိမ်ရအံ့သော ဥပဒေသဝေါဟာရ မထင်သောကြောင့်လည်းကောင်း၊ နောက်နောက်သောသူတို့၌ဖြစ်၍ ပညာနည်းလျော့သောအခါ ရောက်ရာခဲ့သောကြောင့်လည်းကောင်း လိမ်၍ ထုတ်အံ့သောအရေးသည် သင့်အံ့သို့မထင်"ဟူ၍ ရှင်းပြခဲ့ပါသည်။

**ဇကွဲ**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် မန်စီးတီးအသင်းက ချဲလ်ဆီးအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၁၈**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် အသင်းကြီးချင်းထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက အိမ်ကွင်း စတန်းဖို့ဒ်ဘရစ်ချ်အားကစားကွင်း၌ ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့ရာ မန်စီးတီးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာသီသစ်ကို နိုင်ပွဲဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးခြေစွမ်း ပိုင်းသိသိသာသာကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၈ မိနစ်တွင် ဘာနာဒိုဆေးဗား၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟာလန်းက မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းကလည်း ချေပဂိုးအတွက် ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းတွင် မန်စီးတီးအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။



ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း ချဲလ်ဆီးအသင်းက ချေပဂိုးအတွက် တိုက်စစ်မြှင့်ဖိအားပေးကစားမှုများကြောင့် ပထမပိုင်းထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး မန်စီးတီးအသင်းကွင်းလယ်ကစားသမား ကိုဗာဆစ် ဂိုးဧရိယာအတွင်း လက်ထိခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီးတေလာက ပယ်နယ်တီသတ်မှတ်ပေးခြင်း မရှိခဲ့သည့်အတွက် ချဲလ်ဆီးအသင်း နစ်နာခဲ့ရပြီး ပွဲချိန် ၈၄ မိနစ်တွင် ကိုဗာဆစ်က မန်စီးတီးအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက ချဲလ်ဆီးအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ချဲလ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းသည် အိမ်ကွင်းတွင် အစ်ပ်စ်ဝှစ်ချ်အသင်းကို လက်ခံကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီးတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်စဉ် ဩဂုတ်လအတွင်း ပထမရက်သတ္တပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ်များအဖြစ် ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များအနေဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဗီဒီယိုကိုပြသပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကိုယ်ဝန်ဆောင် မိခင်များအတွက် အာဟာရဆိုင်ရာ အသိပညာပေးဟောပြောသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအဖြစ် ပြသထားရှိသည့်ပြခန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုကြပြီး ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေး၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များကိုလည်း လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ကျင်းပသည်။

ယနေ့အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၁ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ အမျိုးသား အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ဩဂုတ်လ ၁၉ ရက်**(ယနေ့)**နံနက်၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ အမျိုးသမီး တတိယလုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသားတတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အသီးသီးဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို**(အခမဲ့)**လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**



# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဩဂုတ်လ ၁၇ ရက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည်ဝမ်ထန်ကျန့်ကျေးရွာ၌ဦးကျောက်ခမ်းလျဲန်မှ ကျောက်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာ၊ မြို့မရပ်ကွက်၌ ဦးကျောက်အင်ထလဲ၊ ဦးအိုက်ကောင်နှင့် ဒေါ်နန်းခမ်းတို့မှ သဲ/ကျောက်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာ၊ နားဖန်းကျေးရွာ၌ ဦးအိုက်ဆမ်ပျဲန်းနှင့် ဦးနန်ခမ်းတို့မှ သဲ/ကျောက်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာနှင့်ဦးအိုက်ကောင်မှ အုတ်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာ၊ တာပေါက်ကျေးရွာ၌ ဦးစိုင်းမဏိထောင်းမှ အုတ်ထုတ်လုပ်ရန် လိုင်စင်လျှောက်ထားသည့်နေရာတို့အား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေနှင့်အတူ တာဝန်ရှိသူများလိုက်ပါ၍ ဝမ်ကောင်းကျေးရွာတွင် ဝမ်ကောင်း-ဝမ်ယွတ် ကျေးရွာချင်းဆက်လမ်းနှင့် ဆည်တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ရပ်မိရပ်ဖများနှင့် ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် အမှတ်(၂)ရပ်ကွက်တွင် လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ အမှတ်(၉)ရပ်ကွက်တွင် မြို့မသုသာန်ခြံစည်းရိုးခတ်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်အိုးစည်**

# မိုင်းဆတ်မြို့၌ ဒေသကြက်မျိုးများ ထောက်ပံ့ပေးအပ်

**မိုင်းဆတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒေသကြက်မျိုးများ ထောက်ပံ့ပေးအပ်ခြင်းကို မယ်နင်ကျေးရွာအုပ်စု မယ်နင်ရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အိမ်ထောင်စု(၁၀)စုအတွက် ဒေသကြက်မျိုးအကောင် ၁၀၀ ကို ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနိုင်ထွန်းဦးက ဒေသခံမိသားစုများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊ ဒေသစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား အခြေခံကျကျလုပ်ဆောင်နိုင်ရန် ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှထောက်ပံ့သည့် ဒေသကြက်မျိုးများ ပိုမိုတိုးပွားအောင် မွေးမြူစေလိုကြောင်း၊ ကြက်အကောင်ရေတိုးပွားလာပါက မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစောထက်ဝင်းက ဘိန်းအစားထိုး ဒေသကြက်မျိုးပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနိုင်ထွန်းဦး၊ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစောထက်ဝင်းနှင့်တာဝန်ရှိသူတို့က တစ်အိမ်ထောင်လျှင် ဒေသကြက်ဖတစ်ကောင်နှင့် ကြက်မကိုးကောင်နှုန်းဖြင့် မယ်နင်ကျေးရွာရှိအိမ်ထောင်စု(၁၀)စု လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)သန်းခေါင်စာရင်း ကော်မတီ လုပ်ငန်းဆိုင်ရာတွေ့ဆုံရှင်းလင်းပွဲကျင်းပ




**ကျိုင်းတုံ ဩဂုတ် ၁၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သန်းခေါင်စာရင်းကော်မတီ လုပ်ငန်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲကို ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံမြို့၌ကျင်းပသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌကိုယ်စား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်-၃ ဦးလုကာက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီအသီးသီး၏ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်/ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းထူးချွန်လက်ရာပြိုင်ပွဲကျင်းပ

**မိုင်းပျဉ်း ဩဂုတ် ၁၈**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်ပါ ကျောင်းတွင်းထူးချွန်လက်ရာပြိုင်ပွဲကို ဩဂုတ်လ ၁၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားပြောကြားသည်။ ထို့နောက်ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ လက်မှုပညာပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကိုတစ်ဦးချင်းအလိုက် သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ လက်မှုပညာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းပညာရေးစုံညီပွဲတော်၌ ဆုများပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# တာချီလိတ်မြို့နယ်၌ သောက်သုံးရေများရာသီမရွေးရရှိစေမည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုစစ်ဆေး

**တာချီလိတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ခမ်းကျေးရွာအုပ်စု ပူကာကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေမည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ်လ ၁၈ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲသင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပူကာကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူရန်အတွက် ရေထွက်ပင်ရင်းမှ ကျေးရွာအထိ အရှည် ၂ မိုင် ၂ ဖာလုံရှိ ရေပိုက်လိုင်းများ သွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသည့် ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ရေပေးဝေရေးစနစ်အား နည်းစနစ်မှန်ကန်စွာသုံးစွဲနည်းတို့ကို ဆွေးနွေးမှာကြားသည်။

တာချီလိတ်ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပူကာကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် နှစ်စဉ်နွေရာသီကာလအတွင်း ရေရှားပါးသည့်ပြဿနာများ ပြေလည်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိစေရန်ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၂၁၄ သန်း အကုန်အကျခံကာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Shwe Lake Pyar ကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

သင်မလိုသောမီးကို ပိတ်ထားခြင်းဖြင့်
လိုအပ်သူများ အလင်းရပါစေ။

# ဆော်ဒီစူပါဖလားဖိုင်နယ်ပွဲတွင် စီရော်နယ်ဒိုပါဝင်သည့် အယ်နာဆာအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး အယ်ဟီလယ်အသင်း ချန်ပီယံဆုဆွတ်ခူး




ရီယက် ဩဂုတ် ၁၈

ဆော်ဒီစူပါဖလားဖိုင်နယ်ပွဲတွင် စီရော်နယ်ဒိုပါဝင်ကစားနေသော အယ်နာဆာအသင်းနှင့် အယ်ဟီလယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ဟီလယ်အသင်းက ဂိုးပြတ်အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆော်ဒီစူပါဖလားပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်မှစတင်ကစားခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် အယ်နာဆာအသင်းနှင့် အယ်တာဝိုအန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အယ်နာဆာအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်နိုင်သကဲ့သို့ အယ်ဟီလယ်အသင်းကလည်း အယ်အာလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိပြီး ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီစူပါဖလားဖိုင်နယ်ပွဲအဖြစ် အယ်နာဆာအသင်းနှင့် အယ်ဟီလယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၄ မိနစ်တွင် စီရော်နယ်ဒိုက အယ်နာဆာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင် မီလင်ကိုဗစ်ဆာဗစ်ချ်၊ ပွဲချိန် ၆၃ မိနစ်နှင့် ၆၉ မိနစ်တို့တွင် မက်ထရိုဗစ်ချ်နှင့် ပွဲချိန် ၇၂ မိနစ်တွင် မယ်လ်ကွန်တို့က အယ်ဟီလယ်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အယ်ဟီလယ်အသင်းက အယ်နာဆာအသင်းကို ၄ ဂိုး- ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ရမှတ် ၉၃ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ အယ်နာဆာအသင်းကို ရမှတ် ၁၄ မှတ်အထိ ဖြတ်တောက်ပြီး ဆော်ဒီပရိုလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း အယ်နာဆာအသင်းကိုကျော်ဖြတ်ပြီး ဆော်ဒီစူပါဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ဟီလယ်အသင်းသည် ဆော်ဒီစူပါဖလားဖိုင်နယ်ပွဲသို့ စုစုပေါင်းခုနစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆုငါးကြိမ်အထိရယူနိုင်ခဲ့ကာ အအောင်မြင်ဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသည့် မိုနာကိုအသင်းမှ ခံစစ်ကစားသမား ဖိုဖာနာကို အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

■ လီဗာပူးအသင်းက ရောင်းချရန် ကစားသမားစာရင်းမှ ထုတ်ပယ်ထားသည့် ခံစစ်ကစားသမား ဂိုမက်ဇ်ကို နယူးကာဆယ်အသင်း၊ အက်စ်တွန်ဗီလာအသင်း၊ ဖူလ်ဟမ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့အပြင် ဆော်ဒီကလပ်အသင်းများကပါ အပြိုင်ခေါ်ယူရန်ပြင်ဆင်နေပြီး လီဗာပူးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ထားကြောင်း သိရသည်။

■ နယူးကာဆယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ခံစစ်ကစားသမားဂူဟီကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

■ ဆိုစီဒက်စ်အသင်းက ကွင်းလယ်ကစားသမား မိုရီနိုကို အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီးနောက် မိုရီနိုအနေဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပိုမိုနီးစပ်လာပြီး ယခုရက်ပိုင်းအတွင်း အပြောင်းအရွှေ့အပြီးသတ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းနှင့်လမ်းခွဲပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ခံစစ်ကစားသမား ဖီးလ်ဂျုံးစ် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာ

မန်ချက်စတာ ဩဂုတ် ၁၈

မန်ယူအသင်းနှင့်လမ်းခွဲပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ခံစစ်ကစားသမား ဖီးလ်ဂျုံးစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ဖီးလ်ဂျုံးစ်သည် ဘလက်ဘန်းအသင်းအကယ်ဒမီမှ ထွက်ပေါ်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၉ ခုနှစ်က ဘလက်ဘန်းအသင်းနှင့်စာချုပ်ချုပ်ဆိုကာ စတင်ကစားခဲ့ပြီး ၂၀၁၁ ခုနှစ်က ဘလက်ဘန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဖီးလ်ဂျုံးစ်သည် မန်ယူအသင်းတွင် အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ကာလရှည်ပါဝင်ကစားခွင့်ရရှိပြီး ဆုဖလားအများအပြားဆွတ်ခူးနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေရပြီး ပုံမှန်ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

မန်ယူအသင်းနှင့် ဖီးလ်ဂျုံးစ်တို့သည် ၂၀၂၃ ခုနှစ် ဇွန်လက စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး အစောပိုင်းက မန်ယူအသင်းတွင် ဆက်လက်ပူးပေါင်းလေ့ကျင့်မှုများလုပ်ဆောင်ခဲ့သော်လည်း ယခုအခါ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖီးလ်ဂျုံးစ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြိုင်ပွဲစုံ ၁၆၉ ပွဲ ပါဝင်ကစားခဲ့ကာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်အသင်းတွင်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နိုင်ငံတကာပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ကြောင်း သိရသည်။

*Ref; The Athletic*

# ပီအက်စ်ဂျီအသင်း အဓိကတိုက်စစ်ကစားသမား ဂွန်ကာလိုရာမို့စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့် အနားယူရဖွယ်ရှိနေ

ပဲရစ် ဩဂုတ် ၁၈

ပီအက်စ်ဂျီအသင်း အဓိကတိုက်စစ်ကစားသမား ဂွန်ကာလိုရာမို့စ်သည် ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် လီဟာဗေးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားသည့်ပွဲစဉ်တွင်ရရှိသော ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့် အနားယူရဖွယ်ရှိနေကြောင်း ပီအက်စ်ဂျီအသင်းက အတည်ပြုကြေညာခဲ့သည်။

ဂွန်ကာလိုရာမို့စ်သည် ပီအက်စ်ဂျီအသင်းက လီဟာဗေးအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ပြင်းထန်သည့်ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီးနောက် ကွင်းအတွင်းမှ ထွက်ခွာသွားချိန်တွင်လည်း ဆေးအဖွဲ့ဝင်များ၏အကူအညီဖြင့် ထွက်ခွာခဲ့ရသည်။

ဂွန်ကာလိုရာမို့စ်သည် ပီအက်စ်ဂျီအသင်းမှ အမ်ဘတ်ပီထွက်ခွာသွားပြီးနောက် အဓိကတိုက်စစ်ကစားသမားတစ်ဦးအဖြစ် အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်ပြီး ယခုအခါ ၎င်းကို ကာလရှည်လက်လွှတ်ရဖွယ်ရှိနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် အသင်းမှ အမ်ဘတ်ပီထွက်ခွာသွားပြီးနောက် ၎င်း၏နေရာ၌ အစားထိုးရန်အတွက် ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း လက်ရှိအချိန်ထိ ခေါ်ယူနိုင်ခြင်းမရှိသေးပေ။ ယခုအခါ ဂွန်ကာလိုရာမို့စ်လည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူရန် ပြန်လည်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;L'Equipe*



# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(ဃ) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။

(င) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(စ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။

(ဆ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဇ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ဈ) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ည) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဋ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဌ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။


၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့်အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေကြေးများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက် (၁၂)ကွင်း၊ ကျောက်စိမ်းလည်ဆွဲပုတီး (လတ်) (၁၁) ကုံးအပါအဝင် ကျောက်စိမ်းပစ္စည်း (၁၀)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၆ ရက်တွင်ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ မင်းကုန်းကားလမ်းအနီး၌ မော်တော်ယာဉ် (၁) စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၀၁၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၃၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၇၃၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ်လ ၁၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Foam Slipper ဖိနပ် အရန် (၂၀၀၀)အပါအဝင် ကုန်ပစ္စည်း (၃)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၆ ရက်**တွင် ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ (၁)လီတာပါ ဘူး (၁၁၄၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၂၀၀၀)၊ ပြည်မြို့နယ်အတွင်း၌ ပြည်မြို့မှ နတ်တလင်းမြို့သို့ပို့ဆောင်ရန် ကုန်စည်များ တင်ဆောင်နေသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ(၁) လီတာပါ(၁၂၀၀)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ **ဩဂုတ်လ ၁၇ ရက်**တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၆၁၆)တန်၊ သစ်မာ (သုည ဒသမ ၈၅၅)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၆၇၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၈၆၇၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် **ဩဂုတ် လ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်(၁) စီးနှင့် Honda Fit မော်တော်ယာဉ် (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) နှင့် ခန္တီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်(၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကန့်သတ်ထားသော ကုန်ပစ္စည်းများဖြစ်သည့် Propio Phendne ဟု ယူဆရသော ဓာတုဆေးရည် လီတာ (၁၀၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀) ကို ဓာတုပစ္စည်းနှင့် ဆက်စပ်အန္တရာယ်တားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း၊ ကလေးမြို့နယ်၊ ဒိုးဝိုင်းချောင်းကျေးရွာ၌ တရားမဝင် နိုင်ငံခြားငွေဖြစ်သည့် အိန္ဒိယနိုင်ငံသုံး ရူပီး ၅၀၀ တန်အရွက် (၈၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၀၀၀၀၀) ကို နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၅၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၇၂၈၇၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း( Low Pressure Area) သည်ဆက်လက်တည်ရှိနေပါသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဩဂုတ်လ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလား ပြည်နယ်တို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ထိုမှတစ်ဆင့် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။ **(မိုး/ဇလ)**




# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၅၀၀)


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လိမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒည်ပန်းအဝိုင်းအနီး၊ဝေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများစုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

# စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း PROPIOPHENONE လီတာ ၁၀၂၀ ဖမ်းဆီးရမိ



စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများကို ဖမ်းဆီးရမိသူများနှင့်အတူ တွေ့ရစဉ်။



ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၈

စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိတရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း PROPIOPHENONE လီတာ ၁၀၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားတွင် စစ်ကိုင်းဘက်မှ မန္တလေးဘက်သို့ မင်းမင်းဦး မောင်းနှင်ပြီး အောင်ဇော်ထွေး လိုက်ပါလာသည့်

စာမျက်နှာ ၁၄ ကော်လံ ၃ ❐

## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်(၁)

| | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၂-၁ | ခရစ္စတယ်ပဲလေ့ |
| ချဲလ်ဆီး | ၀-၂ | မန်စီးတီး |

ပြင်သစ်လီဂူးဝမ်း ပွဲစဉ်(၁)

| | | |
|---|---|---|
| မိုနာကို | ၁-၀ | စိန့်အက်တီယန် |
| အော်ဇေး | ၂-၁ | နိုက် |
| အန်ဂါ | ၀-၁ | လန်းစ် |
| မောင့်ပယ်လီယာ | ၁-၁ | စထရာဘော့ |
| တူးလော့ | ၀-၀ | နန့်တက် |

စပိန်လာလီဂါပွဲစဉ်(၁)

| | | |
|---|---|---|
| ဗလင်စီယာ | ၁-၂ | ဘာစီလိုနာ |

အီတလီစီးရီးအေပွဲစဉ်(၁)

| | | |
|---|---|---|
| အေစီမီလန် | ၂-၂ | တိုရီနို |
| အမ်ပိုလီ | ၀-၀ | မွန်ဇာ |

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ**

စာ - ၁၆ သို့

**၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်**

စာ - ၂၅ သို့

**တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေကြေးများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၃၀ သို့

ဗန္ဓုလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမိ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်
